မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေး မူဝါဒလမ်းစဉ် (၇) ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တက်ညီလက်ညီ လျှောက်လှမ်းရန် ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချမှတ်ထား

ရည်မှန်းချက်ပန်းတိုင်ကို ဖျက်လိုဖျက်ဆီးလုပ်သည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏လုပ်ရပ်ကို စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် အစဉ်သတိထား ကာကွယ်တားဆီး

ရန်ကုန် အောက်တိုဘာ ၁၅

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်း ရန်ကုန်မြို့ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ ရန်ကုန်တိုင်းမှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်

ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

ဘိလုံးငှက်၏ အောင်မြင်ရေးနိတိ

သတိဟူသော ကျောင်း၌ လုံခြုံစွာနေတော်မူကြသည်ဟူသော သုပ္ပဋိပန္နဂုဏ်ကို အာရုံပြု၍ ရဟန်းသံဃာ ငါးသိန်းခန့်တို့အား နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့က “ရဋ္ဌပိဏ္ဍ” ဟူသော ပစ္စည်းလေးဖြာဖြင့် ကြည်ဖြူရွှင်လန်း လှူဒါန်းနေကြပါ၏။

စာမွေ့သူရဟန်းကြီး၏ ဆောင်းပါး (စာ – ၄)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များကို နယ်ပယ်ကဏ္ဍစုံ၌ ဖြစ်ထွန်းလာစေရေးအတွက် အခြေခံပညာသင်ယူမှုအခွင့်အလမ်းများအား ကျေးလက်ဒေသများအရောက် သင်ကြားပေးခဲ့သည်။

အဆင့်မြင့်ပညာကိုလည်း ပြည်နယ်နှင့်တိုင်းများရှိ မြို့ကြီးများတွင်သာမက အထူးဖွံ့ဖြိုးရေး ဒေသများအထိ သင်ကြားနိုင်ရန် ဖြန့်ကြက်လွှမ်းခြုံပေးခဲ့သည်။

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၊ စီမံချက်များကို ပညာရပ်ဆိုင်ရာအလိုက်၊ တက္ကသိုလ်၊ ကောလိပ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြသည်နှင့်အမျှ ပညာရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းလာခဲ့သည်။

ပညာရေးကဏ္ဍ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးလာစေရန်အတွက် အခြေခံအဆောက်အအုံများ တိုးတက်လာစေရေး၊ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝလာစေရေး၊ သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်းများ ခေတ်မီနေစေရေးတို့ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံအတွင်း ယခင်က ကောလိပ်နှင့် တက္ကသိုလ်ပေါင်း၁၂ ခုသာရှိခဲ့ရာမှ ယခုအခါ နယ်စပ်ဒေသများပါ မကျန် ကောလိပ်နှင့် တက္ကသိုလ်ပေါင်း ၁၆၁ခုအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုတစ်ဝန်း တက္ကသိုလ်ကျောင်းသား ကျောင်းသူစုနစ်သိန်းကျော်ကို အဆင့်မြင့်ပညာများ သင်ကြားပေးလျက် ရှိသည်။

တက္ကသိုလ်၊ ကောလိပ်များအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာနေသည့် လူ့စွမ်းအားအရင်းအမြစ် စွမ်းအားစုများအဖြစ် ဖြစ်တည်နေစေရေးအတွက် ပညာရေးနယ်ပယ်နှင့် လူ့ဘောင်အဖွဲ့အစည်းကို ဆက်စပ်ပေးလျက်ရှိပြီး တက္ကသိုလ်၊ ကောလိပ်အချင်းချင်း ချိတ်ဆက်၍ ပညာမျှဝေမှုဖြစ်စဉ်တစ်ရပ် ဖြစ်ထွန်းနေစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပဓာနကျသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးဝန်ထမ်းများက အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရန် အခြေခံကောင်းများကို အသုံးချပြီး အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေး ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်း အမှတ်၁၂(G)နေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးသူရအောင်(ခေတ္တ ဂျပန်)-ဒေါ်ဝင်းဝင်းအေးတို့၏သမီး မစုနှင်းအိမ်၏ ရက်၁၀၀ပြည့် မွေးနေ့အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ ဝင် ဦးမောင်လှိုင်နှင့် ဦးဘချိုတို့က လက်ခံယူသည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ရသည့် ဌာနကြီးများဖြစ်သဖြင့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရန်ကုန်တိုင်းအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများနှင့်တွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ စုဝေးခန်းမဌကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အမှာစကားပြောကြား

အခမ်းအနားတွင် အစီအစဉ်အရ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို သိရှိနားလည်ပြီး အလေးအနက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဦးစီးဌာန၊ လုပ်ငန်းဌာနများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေးဆိုင်ရာ၊ ငွေရေးကြေးရေး ဆိုင်ရာ၊ အခွန်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်လျက်ရှိသည့် ဌာနကြီးများ ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်ထက်မြက်စွာ ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ ဌာနခွဲတာဝန်ခံ အရာထမ်းများသည် အခြားဝန်ထမ်း များ၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ရိုးဖြောင့်မှန်ကန်စွာဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်စေရေး စံနမူနာပြ ဦးဆောင်မှုဖြင့် စီမံခန့်ခွဲသွားရမည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ပိုမိုထိရောက်စွာ အသုံးချနိုင်စေရန် ကြိုးပမ်းကြရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေကျပ် ငါးသိန်း လှူဒါန်း

မိခင်ကြီး ဒေါ်တင်တင်ရီ၊ ဖခင်ကြီး ဦးဘစန်းတို့အားရည်စူး၍ အမှတ်၇(စီ) စပယ်ခြံ (၁)လမ်း လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးမင်းသွင်-ဒေါ်မျိုးသီတာနှင့် သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်က လက်ခံယူစဉ်။ (က-ပ)

ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရား ပရိဝုဏ်ရှိ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယကဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေးမိသားစု၊ သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အာရှ ကြီးပွားတိုးတက်ရေး ထုတ်ကုန် သွင်းကုန်ကုမ္ပဏီလီမိတက်၊ မြို့နယ်ဆီကုန်သည်များအသင်းနှင့် ဘုတ်ဆုံမ ငရုတ်သီးမှုန့်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ယင်းနောက် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၃၇၀၀၀၀ စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ ဦးဆန်းဝင်း–ဒေါ်သန္တာဝမိသားစု (နှင်းဆီလမ်း၊ ရန်ကုန်သစ်ရပ်ကွက်)က ငွေကျပ်သိန်း ၅၀၊ ဦးသန်းမောင်–ဒေါ်ခင်စိုးသူ (စစ်ကောင်းရိပ်မွန်၊ ဒဂုံ/ဆိပ်ကမ်း)က ငွေကျပ်၂၁သိန်း၊ ဦးဝင်းနိုင်–ဒေါ်ခင်ခင်ယုံ(၁၃ရပ်ကွက်၊ တောင်ဥက္ကလာ)က ငွေကျပ် ၁၅ သိန်း၊ ဦးအောင်မြင့်–ဒေါ်တင်လှိုင် (တောင်ဥက္ကလာပ)နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဗိုလ်မှူးချုပ်စိုးတင့် (အငြိမ်းစား)–ဒေါ်စိုးစိုး (သုဝဏ္ဏ)က ငွေကျပ် ခုနစ်သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရွှေဆိုင်နှင့် ခေတ်သစ်ရွှေဆိုင်)က ငွေကျပ် ၅၀၂၀၀၀၊ ဦးဝင်းမောင်–ဒေါ်သန်းသန်း(သုဝဏ္ဏ)၊ ဦးသိန်းဆွေ– ဒေါ်စန်းစန်းဝင်း (ဗိုလ်စိန်မှန်လမ်း၊ တာမွေ)၊ ဦးမြင့်စိုး–ဒေါ်ဌေးဌေး (ဒဂုံမြို့သစ်မြောက်ပိုင်း)၊ ဦးအောင်နိုင်ထွန်း (Eagle Garden) နှင့် ဦးခင်မောင်ဝင်း (မန်နေဂျင်းဒါရိုက်တာ၊ MSP ကုမ္ပဏီ) တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၃၇၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု) က ငွေကျပ် ၃၀၇၀၀၀၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးကျော်စိုးနိုင်(သဃ်္ဃန်းကျွန်း)နှင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂိ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီ၊ မြို့နယ် ဆီကုန်သည်များအသင်းက ငွေကျပ်၂၅၀၀၀၀၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၂၂၄၅၀၀၊ မြန်မာနိုင်ငံဆီကုန်သည်များအသင်း၊ ဦးကျော်စိုးဝင်း–ဒေါ်မိုးမိုးလွင်(KSW မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ သီရိသုဓမ္မ မဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး–သီရိသုဓမ္မသီဂိ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)နှင့် အမှတ်(၁)စက်မှုဇုန် ဒဂုံမြို့သစ်(တောင်ပိုင်း) စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ် နှစ်သိန်းစီ၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် KTV လုပ်ငန်းရှင်များက ငွေကျပ်၁၈၃၀၀၀၊ မြို့နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များက ငွေကျပ် ၁၇၀၀၀၀၊ မြို့နယ်အတွင်းရှိ တည်းခိုခန်း လုပ်ငန်းရှင်များက ငွေကျပ် ၁၃၅၀၀၀၊ မြို့နယ်ပညာရေးမိသားစုက ငွေကျပ် ၁၁၅၀၀၀၊ မြို့နယ် ဆန်ကုန်သည်များအသင်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးကျော်ကျော် (ဟုန်ရှင်ကုမ္ပဏီ)၊ ဦးကျော်စိန်(Gold Hotel)၊ ILBC မိသားစု၊ ဦးချစ်မွေး (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကြည်မောင်(ထွန်းသစ်စက်)၊ ဦးအောင်လင်း(မင်းထင် ပဲပြောရည်လုပ်ငန်း)၊ ဦးတင်လှ(Camel Co.,Ltd.)၊ ဦးအောင်မြင့်(ဒဂုံတောင်စက်မှုဇုန်–၂)၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမငရုတ်သီးမှုန့်)၊ ဒေါ်လှလှ(လမ်းမတော်)၊ သုဓမ္မမဏိဇောတဓရဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)နှင့် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ကျပ် ၂၀၂၀၆၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်က တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသုန္ဒရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၀၄အိတ် ၁၂ပြည်၊ ဆီ ၁၈၂၈ပိဿာ ၈၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၉၈၈ ပိဿာ၊ သွားတိုက်ဆားဘူး ၅၉၈ဘူး၊ ဆေးမျိုးစုံ၄၄၉ဘူး၊ ပဲ ၅၉၇ ပိဿာ ၆၀ကျပ်သား၊ ငရုတ်သီးမှုန့် အထုပ် ၄၅၀နှင့် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ကျပ် ၂၀၂၀၆၅၀၀ ဖြစ်သည်။

လမ်းမတော်မြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၆၆တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ပရိယတ္တိ အလယ်တိုက်ကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တနန္ဒဓဇထံမှ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အာရှ ကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ စန္ဒီပရဆေးမိသားစု၊ အိုကေဆန်ပွဲရုံ၊ ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး၊ ညောင်ပင်လေးပလာဇာ (အေ၊ ဘီဆောင်)၊ ရွှေပဲဆီသန့်၊ Noble မြေပဲဆီ၊ နီလေးနိုင် မြန်မာဇာမဏီကုမ္ပဏီ၊ ကျော်တိုင်းရင်းဆေး၊ ဘုတ်ဆုံမငရုတ်သီးမှုန့်၊ မြတ်မေတ္တာဆေးခန်း၊ ဦးမောင်ရိုန်၊ KTM အအေးဆိုင်၊ စိတ်ကြိုက်မိတ္တူနှင့် မှန်ချိုဆေးတိုက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်

ဆက်လက်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုက ငွေကျပ်တစ်သောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့်လမ်းမတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ လမ်းမတော်မြို့နယ် အတွင်းရှိ ပြည်သူများ လှူဒါန်းငွေကျပ် ၇၈၈၅၀၀၊ (High Tech Concrete Technology Co., Ltd.) က ငွေကျပ် ၆၅၀၀၀၀၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မောင်ဝိတ်မိသားစု တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း၊ သိရိကုဋေကြွယ် ကုမ္ပဏီလီမိတက်က ငွေကျပ် ၄၀၄၀၀၀၊ လမ်းမတော်မြို့နယ် စားအုန်းဆီကိုယ်စားလှယ်များက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)– ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ ဦးဝင်းသိန်းမိသားစု (ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)ကုမ္ပဏီလီမိတက်နှင့် ဒေါက်တာမောင်မောင်ဦး (Asia Express Co., Ltd.)တို့က ငွေကျပ် သုံးသိန်းစီ၊ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းသံဃဒါန ဆွမ်းလောင်းအသင်း၊ သီရိသုဓမ္မမဏိဇောတဓရ၊ သမားတော်ဦးဘိုကြီး သီရိသုဓမ္မသီဂိ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာ ဆေးတိုက်)၊ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ မိခင်ကြီးဒေါ်ခင်နွဲ့ရီအား အမှူးထား၍ သား ဦးတင်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်(ရွှေပုဇွန်မိသားစု)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း၊ သီရိသုဓမ္မသီဂိ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် အဂ္ဂမဟာ သီရိသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်) ဒေါ်လှလှ (လမ်းမတော်)နှင့် ဗဟိုစည်အထူးကုဆေးခန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ လမ်းမတော်မြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၁၈၆၀၀၀၊ ညောင်ပင်လေး ပလာဇာ (A)ဆောင် ပြည်သူများက ငွေကျပ် ၁၆၀၀၀၀၊ လမ်းမတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၁၀၀၀၀၊ ညောင်ပင်လေး ပလာဇာ (B)ဆောင်နေ ပြည်သူများက ငွေကျပ် ၁၀၆၆၀၀၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)၊ သုဓမ္မ မဏိဇောတဓရ ဦးအောင်မွန်–ဒေါ်လှလှမော်(မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (မဉ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရောင်းဝယ်ရေး)၊ ဦးတင်ဦး–ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်)၊ ဦးကြင်စိန် – ဒေါ်သန်းသန်းညွန့်မိသားစု၊ ဒေါက်တာစိုင်းစံထွန်း၊ လွယ်ဟိန်းကုမ္ပဏီ၊ Seven Golden Lion Co.,Ltd.၊ ရွှေသဇင်ကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေကျပ်

စာမျက်နှာ ၈ ကော်လံ ၅

ဘီလုံးငှက်၏ အောင်မြင်ရေးနီတိ

စာမွေ့သူရဟန်းကြီး

ရဟန်းတို့ ရှေးကဖြစ်ဖူး အကြောင်းထူးကား ငါဘုရားအလောင်း အလျာသည် ဘီလုံးငှက်မျိုး၌ဖြစ်၍ လယ်ကွင်းပြင်ရှိ ထွန်ယက်ထားသော မြေစိုင်ခဲကြား၌ နေထိုင်ကျက်စားခဲ့၏။ တစ်နေ့သ၌ ဘီလုံးငှက်ငယ်သည် မိမိ၏ကျက်စားရာမြေမှ အခြားနေရာသို့ အစာရှာ ထွက်ခဲ့၏။ ထိုအခါ အမြင့်တစ်နေရာမှ စောင့်ဆိုင်းနေသော လင်းယုန်ငှက်တစ်ကောင်သည် လျင်မြန်သော အဟုန်ဖြင့် သက်ဆင်းကာ ဘီလုံးငှက်အား သုတ်ချီလျက် ခြေသည်းကြား၌ထား၍ ပျံသန်း၏။ ထိုအခါ ဘီလုံးငှက်ငယ်သည် ညည်းတွား၏။ **“ငါကိုယ်က မှားပါတယ်။ ကိုယ့်နေရာမှာ ကိုယ်အစာရှာ၊ တခြားနေရာမသွားနဲ့ဆိုတဲ့ မိဘစကားအမှတ်မထားမိဘူး။ ငါဒီနေ့ ကံဆိုးပါတယ်လေ။ တကယ်လို့များ ငါသည် မွေးရပ်မြေဖြစ်တဲ့ မိဘတို့၏ အောင်မြေနေရာမှာနေခဲ့ရင် ယခုလိုလင်းယုန်ငှက်၏ သုတ်ချီခြင်းခံရမည် မဟုတ်”**ဟု ညည်းတွား၏။

ထိုအခါ လင်းယုန်ငှက်က **“ဟေ့ ဘီလုံးငှက် အသင်အပြောမကြီးနဲ့၊ သင့်မိဘတို့၏ အောင်မြေနေရာဆိုတာ ဘယ်နေရာမို့လို့လဲ”**ဟု မေး၏။ **“ထွန်ဖြင့်ထွန်ယက်ထားရာ ထွန်ချေးမြေစိုင်ခဲရှိရာ အရပ်ပင်တည်း”**ဟု ဖြေလေ၏။ ထိုအခါ လင်းယုန်ငှက်သည် မိမိ၏ အားအစွမ်းကို ယုံကြည်သည်ဖြစ်၍ **“ဘီလုံးငှက် သင်သွားလော့၊ သင်အားကိုးသောနေရာ ရောက်ပါသော်လည်း ငါ့လက်မှ မလွတ်နိုင်လတ္တံ့”**ဟု ပြောကာ ဘီလုံးငှက်ကို လွှတ်လိုက်လေ၏။

ရဟန်းတို့၊ ထိုအခါ ဘီလုံးငှက်ငယ်သည် ထွန်ဖြင့် ထွန်ယက်ထားရာ ထွန်ချေးမြေစိုင်ခဲကြီးထက်သို့တက်၍ **“အို လင်းယုန်ငှက်၊ ယခုငါ့နေရာသို့ လာခဲ့လော့”**ဟု ရဲဝံ့စွာ ကြုံးဝါးဖိတ်ခေါ်လေ၏။

ထိုအခါ လင်းယုန်ငှက်သည် မိမိ၏အစွမ်းကို အားကိုးယုံကြည်လျက် အတောင်နှစ်ဖက်ကို ဖြန့်တန်းယုက်၍ ဘီလုံးငှက်ထံ လျင်မြန်စွာ သွားရောက်လေ၏။ ထိုအခါ ဘီလုံးငှက်ငယ်သည် လင်းယုန်ငှက် မိမိထံ ရောက်လုနီးသောအခါ ထိုထွန်ချေးမြေစိုင်ခဲကြားသို့ ဝင်သွားလေ၏။ လင်းယုန်ငှက်သည် အရှိန်ကို မထိန်းနိုင်ရကား မြေစိုင်ခဲ၌ ရင်ဘတ်ကို ဆောင့်မိ၍ ရင်ကွဲသေလေ၏။

ရဟန်းတို့၊ တိရစ္ဆာန်တို့သည်ပင်လျှင် မိမိမကျက်စားသင့်သော၊ မိမိနေရာမဟုတ်သော သူတစ်ပါးတို့၏ နေရာအရပ်၌ ကျက်စားမိ၍ ဘေးဒုက္ခနှင့် ကြုံတွေ့ရသည်။ မိမိတို့၏ မိရိုးဖလာအရပ်၌ နေထိုင်ခဲ့မူ ဘေးဒုက္ခနှင့် ကြုံနိုင်စရာမရှိ။

ရဟန်းတို့၊ ထို့အတူပင် သင်တို့သည်လည်း မကျက်စားသင့်သော သူတစ်ပါးတို့၏ နေရာအရပ်၌ မကျက်စား မသွားလာကြကုန်လင့်၊ ကျက်စား သွားလာကုန်သူတို့အား ကိလေသာမာရ်သည် (ဖျက်ဆီးရန်) အခွင့်သာ၏။

ရဟန်းတို့၊ သင်တို့မကျက်စားသင့်သော အရပ်ဟူသည်–

“အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အာရုံဟူသော ကာမဂုဏ်ငါးပါးတို့ပင်တည်း။

“ရဟန်းတို့၊ မိမိအဖ၏နေရာ (မိရိုးဖလာအရပ်)၌ ကျက်စားနေထိုင်ကြကုန်လော့။ မိမိ၏အဖနေရာ(မိရိုးဖလာအရပ်)၌ ကျက်စားနေထိုင်ကြကုန်သူတို့အား ကိလေသာမာရ်သည်(ဖျက်ဆီးရန်)အခွင့်ကို မရနိုင်လေ။

“ရဟန်းတို့၊ သင်တို့အဖ၏နေရာဖြစ်သော အောင်မြေစားကျက်ကားကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ အမြဲမပြတ်အောက်မေ့ခြင်း ဟူသော သတိပဋ္ဌာန် လေးပါးတို့ပင်တည်း”ဟု မိန့်တော်မူ၏။

အထက်ဖော်ပြပါ အကြောင်းအရာမှာ ရှင်တော်မြတ်ဗုဒ္ဓသည် ရဟန်းတို့အား သတိဟူသော နေရာကျောင်း(အိမ်)၌ နေကြဖို့ မိန့်တော်မူခဲ့သည်ကို မှတ်တမ်းတင်ထားသော မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် သတိပဋ္ဌာန်သံယုတ်သကုဏဂ္ဃိသုတ်နှင့် ငါးရာ့ငါးဆယ် ဒုကနိပါတ် သဠဝဂ် သကုဏဂ္ဃိဇာတ်၌ လာရှိသည့်အတိုင်း တင်ပြခြင်းဖြစ်ပါသည်။

စာမွေ့သူရဟန်းကြီးမှာ အသက်ကြီးကာမှ ဗုဒ္ဓစာပေကို လေ့လာခွင့်ရသူ ဖြစ်ပေရာ ပညာရှင်တို့ မြန်မာပြန်ဆိုထားသော ပိဋကတ်မြန်မာပြန်ကျမ်းစာများ၊ မဟာဗုဒ္ဓဝင်နှင့်ငါးရာ့ငါးဆယ် နိပါတ်ဇာတ်တော်များ၊ ဓမ္မပဒဝတ္ထုတော်ကြီးစသော စာအုပ်များသည် စာမွေ့သူအတွက် လေ့လာ၍ မကုန်နိုင်သော စာပေဘဏ္ဍာတိုက်ကြီးများ ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိ ဘဝအတွက် ကျန်ရှိနေသေးသော အချိန်ပိုင်းကလေးကို ကောင်းကောင်း အသုံးချသောအားဖြင့် ရှုပ်ထွေးပွေလီလှသော ကိလေသာ မြူမှုန်လှိုင်းကြီးများ တလိပ်လိပ်တက်နေသော လူမှုဘဝ၏ အစိတ်အပိုင်းတွင် ပါဝင်သော BBC, VOA နှင့် RFA တို့ကို ယောင်လို့မျှ နားမထောင် ဖြစ်တော့သလို ရုပ်သံတို့ကိုလည်း မကြည့်ဖြစ်တော့ပေ။ မိမိခန္ဓာက ပြသော တရားထက် ကြည့်စရာ၊ သိစရာရှိမည် မထင်တော့ပေ။

ရှင်တော်မြတ်ဗုဒ္ဓ မိန့်တော်မူခဲ့သော တရားတော်များမှာ ခေတ်ကာလနှင့် စနစ်တွေ မည်သို့ပင်ပြောင်းစေကာမူ ပြောင်းလဲခြင်းမရှိ၊ ခေတ်စနစ်နှင့် မကိုက်ညီတော့၍ ပြင်ဆင်ရခြင်း၊ နုတ်ပယ်ရခြင်း၊ အသစ်ထည့်သွင်းရခြင်းမရှိ၍ “ထေရဝါဒသာသနာ”ဟု ခေါ်ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓ၏ တရားတော်များကို မူရင်းအတိုင်းလေ့လာခွင့်ရသော မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို ရှင်တော်မြတ် ဗုဒ္ဓ၏ ဉာဏ်တော်ကြီးမားမှုကို မည်သူမျှ မအံ့သြဘဲ နေနိုင်ကြမည် မဟုတ်ပါ။

ထို့ကြောင့် နေရှူးက မြတ်ဗုဒ္ဓအား “အိန္ဒိယ၏သားကောင်း”ဟု ဂုဏ်ယူဝင့်ကြွားခဲ့၏။ ကဗျာဆရာကြီး အက်ဒွက်အာနိုးကမူ “အာရှတိုက်၏ လင်းရောင်ရှင်”ဟု တင်စားခဲ့၏။ အမှန်မှာ ရှင်တော်မြတ်ဗုဒ္ဓအား သက်တော်ထင်ရှား ရှိစဉ်ကပင် ပညာရှင်အသီးသီးတို့က “အာဒိစ္စဗန္ဓု–နေမင်း၏ မိတ်ဆွေ”ဟု ကမ္ဘာကြီးတစ်ခုလုံးကို အလင်းရောင်ပေးနေသော နေမင်းနှင့်နှိုင်းယှဉ်ကာ ဂုဏ်ပြုခဲ့ကြလေပြီ။

စာမွေ့သူရဟန်းကြီး တင်ပြလိုရင်းမှာ ရှင်တော်မြတ်ဗုဒ္ဓသည် မိမိ အလောင်းအလျာ ဘီလုံးငှက်ဖြစ်စဉ်ဘဝတုန်းက အတွေ့အကြုံကို ပြန်ပြောင်းပြောပြ၍ ဆောင်းပါး၌ ခေါင်းစဉ်ပေးထားသည့်အတိုင်း ဘီလုံးငှက်၏ အောင်မြင်ရေးနီတိဖြင့် သာဝက ရဟန်းသံဃာတို့အား အကွက်စေ့စေ့ ဆုံးမသြဝါဒ ပေးတော်မူခဲ့သည်ကို သိရှိစေလိုခြင်း ဖြစ်ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓသည် မိမိ၏သာသနာကို ယုံကြည်၍ ခိုလှုံလာကြသော သာဝက ရဟန်းသံဃာတော်များအပေါ် မည်မျှကရုဏာ ကြီးမားလှပါသနည်းဟူမူ ပကတိနေရာကျောင်းကိုပင် မြို့ရွာအူသံ မဆူညံဘဲ လူသံကင်းဆိတ်ရာ မြို့ရွာနှင့်လှမ်းသော တောအရပ်ကို ညွှန်ပြ၍ နေစေခဲ့ပါ၏။ ပို၍ လုံခြုံစေခြင်းငှာ သတိဟူသောကျောင်းကို ဂေါစရအာဝါသ အဖြစ် သတ်မှတ်ကာ နေထိုင်ကြဖို့ မိန့်ကြားထားသည်မှာ မည်မျှ သဘာဝကျလှပါသနည်း။

ရဟန်းသံဃာတို့သည် ရှင်တော်မြတ်ဗုဒ္ဓ ညွှန်ပြအပ်သော သတိဟူသော ကျောင်း၌ လုံခြုံစွာ နေထိုင်ကြပါမူ မိမိတို့နှင့်မသက်ဆိုင်သော မြို့ရွာအတွင်း စီတန်း လှည့်လည် ကြွေးကြော်ခြင်း၊ ထိန်းသိမ်းထားသူတို့အား လွှတ်ပေးရေး တောင်းဆိုခြင်း စသည်တို့ကြောင့် ယနေ့ မျက်မှောက် ကြုံတွေ့ခဲ့ရသော ရုန်းရင်း ဆန်ခတ် အဓိကရုဏ်းအမှုမျိုး ပေါ်ပေါက် လာဖွယ်ရာ အကြောင်းမရှိပါချေ။

နွားကျောင်းသူသည် နွားအပေါင်းကို အရပ်တစ်ပါး မသွားရအောင် ထိန်းကျောင်းသလို မိမိတို့၏ စိတ်မိုက်စိတ်ရိုင်းကိုလည်း ကာမဂုဏ်အာရုံပွမ်းသော စားကျက်သို့ မသွားနိုင်အောင် သတိဟူသော ကျောင်းက ထိန်းကျောင်းပေးရုံမက အပါယ်ဘုံတံခါးတို့ကိုပင် အပြီးအပိုင် ပိတ်နိုင်စွမ်းရှိပါ၏။

ထိုသို့ သတိဟူသောကျောင်း၌ လုံခြုံစွာနေတော်မူကြသည် ဟူသော သုပ္ပဋိပန္နဂုဏ်ကို အာရုံပြု၍ ရဟန်းသံဃာ ငါးသိန်းခန့်တို့အား နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့က “ရဋ္ဌပိဏ္ဍ”ဟူသော ပစ္စည်းလေးဖြာဖြင့် ကြည်ဖြူရွှင်လန်း လှူဒါန်းနေကြပါ၏။

အကယ်၍သာ ရဟန်းသံဃာတို့သည် ရှင်တော်မြတ်ဗုဒ္ဓညွှန်ပြအပ်သော သတိဟူသောကျောင်း၌ လုံခြုံစွာနေထိုင်ကြပါမူ မိမိတို့နှင့်မသက်ဆိုင်သော မြို့ရွာအတွင်း စီတန်းလှည့်လည်ကြွေးကြော်ခြင်း၊ ထိန်းသိမ်းထားသူတို့အား လွှတ်ပေးရေးတောင်းဆိုခြင်း စသည်တို့ကြောင့် ယနေ့မျက်မှောက် ကြုံတွေ့ခဲ့ရသော ရုန်းရင်းဆန်ခတ် အဓိကရုဏ်းအမှုမျိုး ပေါ်ပေါက်လာဖွယ်ရာအကြောင်း မရှိပါချေ။

၂၅–၉–၂၀၀၇နေ့စွဲဖြင့် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာတို့၌ ဖော်ပြပါရှိထုတ်ပြန်ထားသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ညွှန်ကြားလွှာအမှတ် (၈၁)၊ (၈၃)၊ (၈၅)၊ (၆၅) နှင့် (၉၃)တို့အတိုင်း လိုက်နာကျင့်သုံးနိုင်ကြလျှင်လည်း ဓမ္မစက်ကို ထောက်ကူပြုသော အာဏာစက်ဖြင့် ဆောင်ရွက်ရခြင်းမျိုး ကြုံတွေ့ရမည် မဟုတ်ပါပေ။

သို့ဖြစ်ပါ၍ ဂိဟိသံသဂ္ဂ–လူတို့နှင့် ရောရောနှောနှောနေထိုင်ခြင်း၊ သဟနန္ဒီ–လူတို့နှင့် ရောနှောကာ ဝမ်းသာကြည်နူးခြင်း၊ သဟသောကီ–လူတို့နှင့် ရောနှောကာ စိုးရိမ်ပူဆွေး ငိုကြွေးပြသခြင်းမျိုးတို့ကို ရှောင်ရှား၍ သတိဟူသောကျောင်း၌ လုံခြုံစွာနေထိုင်ခြင်းဖြင့် ဘီလုံးငှက်ကဲ့သို့ အောင်မြေနင်းနိုင်ကြပါစေကြောင်း စာမွေ့သူရဟန်းကြီးက ဘဝတူ ရဟန်းသံဃာအပေါင်းအား လျှောက်ထားတင်ပြအပ်ပါသည်။ ။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ညွှန်ကြားလွှာအမှတ် (၈၁)၊ (၈၃)၊ (၈၅)၊ (၆၅) နှင့် (၉၃)တို့အတိုင်း လိုက်နာကျင့်သုံးနိုင်ကြလျှင်လည်း ဓမ္မစက်ကို ထောက်ကူပြုသော အာဏာစက်ဖြင့် ဆောင်ရွက်ရခြင်းမျိုး ကြုံတွေ့ရမည်မဟုတ်။

ဂိဟိသံသဂ္ဂ–လူတို့နှင့် ရောရောနှောနှော နေထိုင်ခြင်း၊ သဟနန္ဒီ–လူတို့နှင့် ရောနှောကာ ဝမ်းသာကြည်နူးခြင်း၊ သဟသောကီ–လူတို့နှင့် ရောနှောကာ စိုးရိမ်ပူဆွေး ငိုကြွေးပြသခြင်းမျိုးတို့ကို ရှောင်ရှား၍ သတိဟူသော ကျောင်း၌ လုံခြုံစွာနေထိုင်ခြင်းဖြင့် ဘီလုံးငှက်ကဲ့သို့ အောင်မြေနင်းနိုင်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ နေပြည်တော် ပျဉ်းမနားခရိုင် လယ်ဝေးမြို့အတွင်းရှိ ပရိယတ္တိစာသင်တိုက် လေးတိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၅

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက နေပြည်တော် ပျဉ်းမနားခရိုင် လယ်ဝေးမြို့ရှိ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၊ မြို့ဦးတိုက်သစ်သံလမ်း ပရိယတ္တိစာသင်တိုက်၊ ရတနာပုံတောရပရိယတ္တိစာသင်တိုက်၊ သရက်တောပရိယတ္တိစာသင်တိုက်နှင့် ပုဏ္ဏမိဂုဏ်ဝေသီလရှင်စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေလှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ပျဉ်းမနားခရိုင် လယ်ဝေးမြို့ရှိ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားခရိုင် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နေပြည်တော်လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး **(အပေါ်ပုံ)** သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော် ၅၇ အိတ် ၁၈ပြည်နှင့် ပဲ၆၈ပိဿာ ၄၀ ကျပ်သားတို့ကို တွဲဖက်စစ်ရေးချုပ်ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ရေ)မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (လေ) ဗိုလ်မှူးကြီး ချန်မောင်တို့က နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်နှင့်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသောဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ဆီ ၆၄ ပိဿာ ၂၀ကျပ်သား၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဆားချက်လုပ်ငန်းရှင်များက အိုင်အိုဒင်းဆား ၄၀၂ပိဿာ နှင့် သွားတိုက်ဆေး ၄၇ဘူး၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးမျိုးစုံဘူး ၁၀၀၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီက ဆွမ်းဆန်တော် ခုနစ်အိတ်နှင့် ဆီ ၂၁ ပိဿာ၊ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆွမ်းဆန်တော် ငါးအိတ်၊နေပြည်တော်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ဆွမ်းဆန်တော် ၁၅အိတ်၊ ဆီပိဿာ ၄၀၊ နေပြည်တော်လယ်ဝေးမြို့နယ်ရှိ စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော် ၃၅အိတ်၊ (ဦးသိန်းမောင်)-ဒေါ်ပါပါ (စန္ဒီပရဆေး) နှင့် ဦးငြိမ်း-ဒေါ်အုန်းကြင် (OKဆန်ပွဲရုံ) တို့က ဆွမ်းဆန်တော် ၁၀အိတ်စီ နေပြည်တော်လယ်ဝေးမြို့ အမှတ် (၂) ရပ်ကွက်မှ ဒေါ်မြတ်မြတ်စိုးနှင့် ဦးကေသောင်းမိသားစုတို့က ဆီ ၁၀ပိဿာစီ၊ မှန်ချို့ဆေးတိုက်က အစာကြေဆေး၊ အမောပြေဆေး ဘူး၁၃၂၀၊ ကေသီပန်ဆေးတိုက်က ဆေးဘူး ၁၃၂၀၊ ဂရိတ်ဆေးတိုက်က လိမ်းဆေးဘူး ၄၈၀၊ မဥ္ဇူထွန်းမြင့်ကုမ္ပဏီက ဘုတ်ဆုံမ ငရုတ်သီးမှုန့် အထုပ် ၄၇၀၊ ထွန်းရွှေဝါ ဆေးတိုက်က လိမ်းဆေးနှင့်ရှူဆေးဘူး ၄၄၀တို့ကို အလှူရှင်များက ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားခရိုင် လယ်ဝေးမြို့အတွင်းရှိ ပရိယတ္တိစာသင်တိုက် လေးတိုက်၊ သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ ဆွမ်းပဒေသာပင်များလှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်ငါးသောင်း၊ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ နေပြည်တော် လယ်ဝေးမြို့နယ်မှအလှူရှင်များကငွေကျပ်နှစ်သိန်းနှစ်သောင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ငွေကျပ်နှစ်သိန်း၊ A.C.E Co.,Ltd.က ငွေကျပ် ၁၀ သိန်း၊ ရွှေညော့်သည် ဟိုတယ်မိသားစုက ငွေကျပ်၁၀သိန်း၊ I.G.Eကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဧဒင်ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါပါ (စန္ဒီပရဆေး) မိသားစုက ငွေကျပ်ငါးသိန်း ငါးထောင်၊ ဦးမျိုးမင်းစိုး-ဒေါ်အိကေသွယ်မင်းမိသားစုက ငွေကျပ် ငါးသိန်း လေးထောင်၊ သီရိသုခမ္မမဏိဇောတဓရ သမားတော် ဦးဘိုကြီး-သီရိသုခမ္မသီဂီ ဒေါ်သန်းသန်းမိသားစုက ငွေကျပ်ငါးသိန်း၊ သော်တာဝင်း ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ Max Myanmar ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ထူးကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ အေးရှားဝေါလ် ကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ ဂရိတ်ဝေါဆေးတိုက်က ငွေကျပ် သုံးသိန်း၊ မိုးကြယ်စင် ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ အာရဏ်ဦး ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ မြင့်မြတ် အောင်ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ မြန်မာ့အလှကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ တက်လမ်းကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငွေကျပ် နှစ်သိန်း၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး ဘုတ်ဆုံမ ငရုတ်သီးမှုန့်က ငွေကျပ် နှစ်သိန်း၊ ဦးသန်းမောင် ချမ်းမြေ့စတိုးက ငွေကျပ် ၁၂၆၀၀၀၊ မှန်ချို့ဆေးတိုက်က ငွေကျပ် ၁၀၀၀၀၀၊ ယူနိုက်တက် ဝင်းနား ကုမ္ပဏီက ငွေကျပ်၁၀၀၀၀၀၊ OKဆန်ပွဲရုံမိသားစုက ငွေကျပ် ၁၀၅၅၀၀ ဦးထွန်းရွှေ (ထွန်းရွှေဝါ ဆေးတိုက်)က ငွေကျပ် တစ်သိန်း၊ ဦးကြည်စိုး(ကေသီပန်) ဆေးတိုက်က ငွေကျပ်တစ်သိန်း၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတ သက်န်းတိုက်)က ငွေကျပ် တစ်သိန်း၊ နေပြည်တော်လယ်ဝေးမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ အေလာကျေးရွာအုပ်စုမှ အလှူရှင်များက ငွေကျပ် တစ်သိန်းတစ်သောင်း၊ နေပြည်တော်လယ်ဝေးမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် တစ်သိန်း၊ နေပြည်တော် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနက ငွေကျပ် တစ်သိန်း၊ နေပြည်တော် လယ်ဝေးမြို့နယ် မြို့နယ်ပညာရေးမှူး ရုံးက ငွေကျပ် တစ်သိန်း၊ နေပြည်တော် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ်တစ်သိန်း၊ ဦးဝင်းအောင် သစ်အချောထည် စက်ရုံက ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များ၏ ဆွမ်းပဒေသာပင် စုစုပေါင်း ငွေကျပ် ၁၁၄၁၀၅၀၀ ကို အလှူရှင်များက ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တပ်မတော် အရာရှိကြီးများက လက်ခံရယူကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ဗိုလ်မှူးကြီး မြင့်ထွန်းက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားသည်။ ယင်းနောက် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ တိုင်းမှူးနှင့်ပရိသတ်များက အနုမောဒနာ ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် စေတနာရှင်ပြည်သူများက ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၃၉ အိတ် ၁၈ ပြည်၊ ဆီ ၁၄၅ ပိဿာ ၂၀ကျပ်သား၊ အိုင်အိုဒင်းဆား ၄၀၂ ပိဿာ၊ ပဲ ၆၈ပိဿာ ၄၀ကျပ်သား၊ဆေးမျိုးစုံဘူး၃၆၆၀၊ ငရုတ်သီးမှုန့် အထုပ်၄၇၀၊ သွားတိုက်ဆေးဘူး ၄၇ဘူး နှင့် ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ကျပ် ၁၁၄၁၀၅၀၀ဖြစ်သည်။

(သတင်းစဉ်)

စန္ဒီမယ်တော်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း ကျောက်တံတား မြို့နယ် ၃၀၇ ဗိုလ်အောင်ကျော်လမ်းရှိ သျှရီသျှရီ စန္ဒီမယ်တော်အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပွဲတော်ကျင်းပမည့်ရက်များတွင် ဘုရားပွဲတော်သို့ လာရောက် ဖူးမြော်ကြည်ညိုကြမည့် ဧည့်ပရိသတ်များအား အကျွေးအမွေးဖြင့် ဧည့်ခံသွားမည် ဖြစ်သည်။ ပွဲတော်ရက်အတွင်း လှူဒါန်းလိုသည့် စေတနာရှင်၊ အလှူရှင်များသည် ပွဲတော် ကျင်းပရေးကော်မတီ ဖုန်း-၀၁-၃၈၅၁၃၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့မှ ဒုတိယဗိုလ်မှူးကြီးကျော်လွင်-ဒေါ်ကြူကြူစိန်၊ သမီး မနေနွယ်လွင်၊ မဇာခြည်လွင်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၆-၁၀-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ ဝတ်စားဆင်ယင်လှစေချင်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၃၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမှန်တိုင်း (ဒုတိယတွဲ)** (အပိုင်း-၄၂)

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံမူများသည် နိုင်ငံတော်၌ လောကပါလတရားများ ပိုမိုထွန်းကားရေးကို အခြေခံချမှတ်ထား

● **ရှေ့ဖုံးမှ**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ မြို့မိမြို့ဖများ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူထုလူတန်းစား အသီးသီးတို့မှ ပြည်သူများ စုစုပေါင်းအင်အား တစ်သိန်းနှစ်သောင်းကျော်တို့ အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ရန်ကုန်တိုင်း ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ကျင်းပရာ သဘာပတိ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေရာယူ

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှ စတင်၍ စစ်ကြောင်းမှူး ဦးဇော်အောင် ဦးဆောင်သော အရှေ့ပိုင်းခရိုင် စစ်ကြောင်းသည် လေးဒေါင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ဦးလွင်ဦး ဦးဆောင်သော တောင်ပိုင်းခရိုင်စစ်ကြောင်းသည် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ဦးနေဝင်းဦးဆောင်သော အနောက်ပိုင်းခရိုင် စစ်ကြောင်းသည် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ဦးကျော်တင့် ဦးဆောင်သော မြောက်ပိုင်းခရိုင်စစ်ကြောင်းသည် လေးဒေါင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့်စုရပ်မှ လည်းကောင်း အခမ်းအနားကျင်းပမည့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်းအတွင်းသို့ စစ်ကြောင်းပုံစံဖြင့် စနစ်တကျ ချီတက်၍ သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

ဆောင်ရွက်

အခမ်းအနားတွင်သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဌာနမှူး ဒေါ်စန်းစန်းရည်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးသိန်းနိုင် (အငြိမ်းစား)၊ မြို့မိမြို့ဖများဖြစ်ကြသော မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာစောလှထွန်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ခင်သဇင်မြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်အိမွန်စိုးက တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အလေးပြု

ရှေးဦးစွာ သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာကာ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးဝင်း ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမအဆင့် ဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပနိုင်ရေးအတွက် ဦးဆောင်ကျင်းပရေး ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်များ ပါဝင်သော အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးဆိုသည့် ဦးတည်ချက် (၆)ရပ်ဖြင့် ကျင်းပခဲ့ကြောင်း။

နိုင်မာပြည့်စုံ

ယခုအခါ အဆိုပါ ဦးတည်ချက်များနှင့်အညီ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက တညီတညွတ်တည်း ချမှတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုချမှတ်ပေးခဲ့သည့်အခြေခံမူများသည် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို အခြေခံထားပြီး ချမှတ်ခဲ့သည့် အခြေခံမူများဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ ပကတိအရှိတရားပေါ်အခြေခံပြီး တိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးကို အထူးတလည်ပေးအပ်ထားသည့်အတွက် ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများထက်ပိုပြီး ခိုင်မာပြည့်စုံကြောင်း။

အမျိုးသားညီလာခံကြီးကို ဦးဆောင်ကျင်းပရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်

ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ခင်သဇင်မြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိမွန်စိုးတို့ ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

များပါဝင်သော ကိုယ်စားလှယ်များက ညှိနှိုင်းတင်ပြချက်အရ လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်က လိုအပ်သည့် အမိန့်များထုတ်ပြန်ပေးခဲ့ကြောင်း။

ဖိတ်ကြား

အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီ၉ရက်တွင် စတင်ကျင်းပခဲ့ကြောင်း၊ စတင်ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီ ၁၀ခုမှ ၎င်းတို့ရွေးချယ်ပေးထားသည့် အမည်စာရင်းအတိုင်း ကိုယ်စားလှယ် ၄၉ဦးကို ဖိတ်ကြားခဲ့ကြောင်း၊ သက်ဆိုင်ရာပါတီများက ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသည့် ကိုယ်စားလှယ်များအနက် တရားဝင်တည်ရှိသော နိုင်ငံရေးပါတီ(၆)ခုမှ ရွေးချယ်ပေးသည့် အမည်စာရင်းအတိုင်း ကိုယ်စားလှယ်၉၉ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ရှစ်ဦးကို ဖိတ်ကြားခဲ့ကြောင်း၊ အမျိုးသားညီလာခံအစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ် စုစုပေါင်း၇၀၂ဦးကို ဖိတ်ကြားခဲ့ကြောင်း။

အမျိုးသားညီလာခံကြီးကျင်းပနေစဉ် ၁၉၉၅ခုနှစ် နိုဝင်ဘာ ၂၇ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံအပေါ် အဆိုးမြင်အယူအဆများဖြင့် စွပ်စွဲဝေဖန်ပုတ်ခတ်ထားသည့် စာကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ထံ ပေးပို့ခဲ့ကြောင်း၊ ၎င်းတို့၏ ဝေဖန်စာအပေါ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘောထားပြန်ကြားရန် အကျပ်ကိုင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေးကိစ္စကို အဓိကအကြောင်းပြပြီး ၎င်းတို့၏ ကိုယ်စားလှယ်များ ညီလာခံသို့ ဆက်လက်တက်ရောက်မည် မဟုတ်ကြောင်း ဖော်ပြပြီး ညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၈၆ ဦးအား ၁၉၉၅ခုနှစ် နိုဝင်ဘာ၃၀ရက်တွင် ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလိုက်ရကြောင်း။

တက်ရောက်

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလား တောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ၂၀၀၄ခုနှစ် မေ၁၇ရက်တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ရာ အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ် စုစုပေါင်း တစ်ထောင်ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း။

အောင်မြင်စွာကျင်းပပြီးစီး

ယခင်အမျိုးသားညီလာခံကြီး ယာယီမရပ်ဆိုင်းမီ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်အရေအတွက်ထက် ပိုမိုများပြားသည့် ကဏ္ဍစုံ၊ အလွှာစုံ၊ လူတန်းစားစုံ၊ နယ်မြေဒေသစုံကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း၊ အမျိုးသားညီလာခံကြီးတွင် အနာဂတ် မြန်မာနိုင်ငံတော်၏ ပုံသဏ္ဌာန်ကို ဖော်ဆောင်ရန် ကိုယ်စားလှယ်ကြီးများအားလုံးက စေတနာသဘောထားမှန်များဖြင့် ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံကြီးက အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့ပြီး ၂၀၀၇ခုနှစ် စက်တင်ဘာ ၃ ရက်တွင် သမိုင်းဝင် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း။

အမှားအမှန်ဆင်ခြင်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ယခုကဲ့သို့ ကျင်းပပြီးစီးခြင်းအပေါ် အမေရိကန်နှင့် ၎င်း၏နောက်လိုက် နယ်ချဲ့နိုင်ငံတချို့နှင့် ပြည်တွင်းက အာဏာငန်းဖမ်းခံထားရသော NLD နှင့် ၈၈ မျိုးဆက်ကျောင်းသားတစ်စုတို့ ပြင်းထန်စွာ နာကြည်းခံစားနေကြရကြောင်း၊ ၎င်းတို့က နည်းမျိုးစုံသုံး၍ ဖျက်သည့်တိုင် ပြည်သူတို့၏ ထောက်ခံမှုရနေသည့် အမျိုးသားညီလာခံကြီးက အောင်ပွဲဆင်လိုက်၍ အခဲမကျေဖြစ်နေကြောင်း၊ ညီလာခံကြီးက အတည်ပြုပေးလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝ မလိုလားကြသည့်အတွက် ပြည်တွင်းဆူပူမှုများဖြစ်ပြီး လူထုလမ်းပေါ်ထွက် ဆန္ဒပြလာအောင် ဘာသာ၊ သာသနာကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ် ထုတ်ခဲ့ကြောင်း၊ သံဃာအချို့ကို အသုံးချပြီး ငြိမ်းချမ်းစွာဖြင့် လှည့်လည်မေတ္တာပို့သည်ဆိုပြီး နိုင်ငံရေးတောင်းဆိုမှုများ ဟစ်အော်တောင်းဆိုပြီး တည်ငြိမ်အေးချမ်းမှု ပျက်စီးအောင် ဖန်တီးလှုံ့ဆော်ခဲ့ကြကြောင်း၊ ပြည်တွင်းပြည်ပအဖျက်သမားများအနေဖြင့် ကောက်ကျစ်ဆိုးညစ်သည့် BBC, VOA, RFA, DVB အသံလွှင့်ဌာနများနှင့် ချိတ်ဆက်ပြီး မဟုတ်မမှန် ဖန်တီးလှုံ့ဆော် သွေးထိုးမှုများ၊ ဆူပူမှုများ ဆောင်ရွက်ရန်အတွက် နှုတ်ကြောင်းပေးမှုများကို စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးမှုများ နေ့စဉ်အချိန်တိုးမြှင့် ဆောင်ရွက်ပေးနေကြောင်း၊ အလားတူ CNN ကလည်း အချိန်ပြည့်ထုတ်လွှင့်ပြီး လူထုဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်ပေးနေကြောင်း၊ ပြည်ပအသံလွှင့်ဌာနများအနေဖြင့် တပ်မတော်အစိုးရကို ဆန့်ကျင်သူများအား တကူးတက ရှာဖွေ၊ ရွေးချယ် ဇာတ်တိုက်၊ လုပ်ကြံဖန်တီးထုတ်လွှင့်ပြီး တပ်မတော်အတွင်း သွေးခွဲရေး၊ တပ်မတော်နှင့်ပြည်သူများအကြားသွေးခွဲရေး ဖန်တီးလှုံ့ဆော်မှုများဖြင့် လူထု ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ အမေရိကန်လက်ပါးစေ ဆန့်ကျင်သူ လူနည်းစု၏ သဘောဆန္ဒကိုသာ ထုတ်လွှင့်နေပြီး ပြည်နယ်နှင့်တိုင်းအသီးသီးက မိမိတို့ တိုင်းရင်းသားပြည်သူများ၏ အစစ်အမှန် ဆန္ဒဖော်ထုတ်ပြနေသည်များကိုမူ မသိကျိုးကျွန်ပြုပြီး မကောင်းသည့်အမြင် ရှုထောင့်ဖြင့်သာ ဝေဖန်ပြောဆိုခြင်းများကို ကြည့်လျှင် BBC, VOA, RFA,DVB အသံလွှင့်ဌာနများ၏ ကောက်ကျစ် ဆိုးညစ်သော စရိုက်ကို အထင်းသားမြင်ကြရမည်ဖြစ်ကြောင်း၊ ယင်းအသံလွှင့်ဌာနများ၏ မဟုတ်မမှန် ဖန်တီးလှုံ့ဆော် သွေးထိုးမှုကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမှားအမှန် ဆင်ခြင်ပြီး နားမယောင်ကြရန် အရေးကြီးကြောင်း။

ယခုကဲ့သို့ ဖျက်ဆီးနှောင့်ယှက်မှုများသည် ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိနိုင်ငံ၏ ကံကြမ္မာကို မိမိသာ ဖန်တီးနိုင်ခွင့်နှင့် အခြားတိုင်းတစ်ပါးမှဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်စေရန် ပြဋ္ဌာန်းထားချက်များ ပါဝင်နေသည့်အတွက်လည်း ဗိုလ်ကျစိုးမိုးလိုသော ပြည်ပနိုင်ငံကြီးတချို့က ပြည်တွင်းအဖျက်သမားများနှင့် ပူးပေါင်းကာ ယခုကဲ့သို့ နှောင့်ယှက်ဖျက်ဆီးနေကြခြင်းဖြစ်ကြောင်း။

သန္နိဋ္ဌာန်ချမှတ်

မိမိတို့ တိုင်းရင်းသားပြည်သူများ ရည်မှန်းသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တက်ညီလက်ညီ လျှောက်လှမ်းကြရန် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ တိုင်းရင်းသား ပြည်သူအားလုံးက ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ရည်မှန်းချက်ပန်းတိုင်ကို ဖျက်လိုဖျက်ဆီးလုပ်သည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ လုပ်ရပ်များကို စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် အစဉ်သတိထား ကာကွယ်တားဆီးနေကြရန်နှင့် အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးအား ထောက်ခံကြိုဆိုကြရမည်ဖြစ်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

အကျယ်ပြန့်ဆုံး အခြေခံဥပဒေကြီး

ဆက်လက်၍ ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို တင်သွင်းရာတွင် အောင်မြင်စွာပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် မြန်မာနိုင်ငံအတွင်းဒေသစုံ၊ ပြည်နယ်စုံမှ တိုင်းရင်းသားစုံကိုယ်စားလှယ်များ၊ လူထုလူတန်းစား အလွှာစုံမှ တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်သည့် အစုအဖွဲ့(၈)ဖွဲ့က ကိုယ်စားလှယ် စုစုပေါင်း တစ်ထောင်ကျော်တို့သည် အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်

စာမျက်နှာ ၇ ကော်လံ ၁ သို့

16-10 (06) 1 10/16/07, 2:17 AM

စာမျက်နှာ ၆ မှ

အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ်အရေး တွေးတောမြော်မြင်ကာ အတွေးအခေါ် အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုးရှိကြသော်လည်း ပြည်ထောင်စုကြီး အကျိုးကို ဦးထိပ်ထားပြီး အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့၍ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို သဘောတူချမှတ် မော်ကွန်းတင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အခြေခံဥပဒေရေးဆွဲပြီးသည့်အခါ ပြည်သူများထံချပြပြီး ပြည်သူ့ဆန္ဒခံယူအတည်ပြုမည်ဖြစ်၍ ဒီမိုကရေစီနည်းစနစ်အကျဆုံး၊ ကိုယ်စားပြုမှု အကျယ်ပြန့်ဆုံး အခြေခံဥပဒေကြီး ဖြစ်လာမည်ဖြစ်ကြောင်း။

အတိအလင်းတွေ့ရ

အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများသည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်းခြားကျင့်သုံးရာတွင်လည်းကောင်း၊

ပြည်တွင်းပြည်ပ အဖျက် သ မား များ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသား ညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအားထောက်ခံကြိုဆိုကြောင်း အဆိုကို ခရမ်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကြောင်း၊ နိုင်ငံတော်အစိုးရက စက်သုံးဆီဈေးနှုန်းကို မလွှဲမရှောင်သာတိုးမြှင့်သတ်မှတ်လိုက်ရသည့်အခါ စက်သုံးဆီဈေးနှုန်းတက်မှုသည် ကြီးကြီးမားမားထိခိုက်စေသောပြဿနာမဟုတ်သော်လည်း အဖျက်သမားများဖြစ်သည့်(၈၈)တိုင်းဆူ ပြည်ဖျက် မျိုးဆက်ကျောင်းသားအမည်ခံဆိုသူတို့က တစ်စခန်းထခဲ့ကြောင်း၊ NLD ထိပ်ပိုင်းကလည်း ဆီဈေးကြီးမြင့်မှုအပေါ် သဘောထား ကြေညာချက်ထုတ်ပြီး မီးလောင်ရာ လေပင့်ခဲ့ကြောင်း၊ ပြည်ပအခြေစိုက် အသံလွှင့်ဌာနများဖြစ်သည့် VOA, RFA, BBC နှင့် DVB အသံလွှင့်ဌာနတို့ကလည်း နေ့စဉ်ပုံကြီးချဲ့ပြီး မိုးလုံးပြည့်မုသာဝါဒများဖြင့် မြန်မာနိုင်ငံ ပျက်စီးရာ ပျက်စီးကြောင်း လူထုအုံကြွမှုဖြစ်အောင် လိမ်ညာဖန်တီး ထုတ်လွှင့်ပေးနေကြကြောင်း။

ခုတုံးလုပ်

အဖျက်သမားအုပ်စုအနေဖြင့် လူထုလမ်းမပေါ် ဆင်းလာရေး ကြိုးပမ်းမှုများ မအောင်မြင်သည့်အခါ ရဟန်း၊ သံဃာငယ်အချို့အတွင်း ပျံ့ဝင်ထိုးဖောက်

ပြည်တွင်းပြည်ပ အဖျက် သမား များ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသား ညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအားထောက်ခံကြိုဆိုကြောင်း အဆိုကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးမော် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မှုကို နှစ်သက်သည့် မိမိတို့ တိုင်းရင်းသားပြည်သူများက သည်းမခံနိုင်အောင် စက်ဆုပ်ရွံမုန်းနေကြကြောင်း၊ မိမိတို့အားလုံး အပြုသဘောဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်နေသည့်အချိန် အမျိုးသားညီလာခံကျင်းပနေစဉ်ကာလတွင်လည်း ညီလာခံကြီးကို ပျက်အောင်၊ ညီလာခံကြီးပြီးလျှင်လည်း ပြည်သူ့ကိုယ်စားလှယ်အားလုံး၏ ဆန္ဒများကို အသိအမှတ်မပြုနိုင်အောင် အမေရိကန်နှင့် ၎င်း၏ သြဇာခံ ပြည်တွင်းအဖျက်သမားများက လုပ်ဆောင်နေကြကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် မိမိတို့နိုင်ငံကို အမေရိကန်သြဇာခံဘဝ တစ်နည်းအားဖြင့် သူ့ကျွန်ဘဝရောက်အောင် ကြိုးပမ်းနေခြင်းပင်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရက အီရတ်တွင် လူအစုလိုက်အပြုံလိုက် သေစေနိုင်သည့် ဖျက်အားပြင်းလက်နက်များရှိသည်ဆိုပြီး အီရတ်ကို စစ်အင်အားသုံး ကျူးကျော်ခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့ပြောသည့် လက်နက်များလုံးဝမရှိသည့်အခါတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးအကြောင်းပြပြီး ဆက်လက်ကျူးကျော်ဝင်ရောက်နေသည့်အတွက် နေ့စဉ်နှင့်အမျှ အီရတ်နိုင်ငံသားများ သေကျေ ဒဏ်ရာရပြီး လောကငရဲဘုံလိုသာ ကြုံနေရကြောင်း၊ အီရတ်ပြည်ထဲရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လစဉ်အီရတ်ပြည်သူများ၏ သေဆုံးမှုသည် ၂၀၀၇ ခုနှစ် မတ်တွင်(၁၈၇၂)ဦး၊ ဧပြီတွင် (၁၅၀၁)ဦး၊ မေအတွင်း (၁၉၄၉)ဦး၊ ဇွန်တွင် (၁၂၂၇)ဦးနှင့် ဇူလိုင်အတွင်း(၁၆၅၃)ဦးသေဆုံးခဲ့သည်ဟု သိရကြောင်း၊ အမေရိကန်နှင့်အပေါင်းပါများ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး မျှော်ကိုးခဲ့သူများအဖို့ မိမိနိုင်ငံကို ငရဲဘုံပို့ရာရောက်သည်ဆိုခြင်းကို ပြည်တွင်းသစ္စာဖောက်များအနေဖြင့် သိရှိပြီး ဆင်ခြင်ရန် အချိန်ကျပြီဟု သတိပေးပြောကြားလိုကြောင်း။

ဆန့်ကျင်ချေမှုန်း

ယခုရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုများသည် နိုင်ငံတော်တွင်ရှိနေသည့် ရလဒ်ကောင်းများ ပျက်စီးဆုံးရှုံးအောင် ပြည်ပနယ်ချဲ့ လက်သစ်ဝါဒီ နိုင်ငံများနှင့် ပုဆိန်ရိုးများက တပ်မတော်နှင့် ပြည်သူတို့အား သပ်လျှိုသွေးခွဲရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ကို ပြည်သူများက ကောင်းစွာသဘောပေါက် နားလည်ကြကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများသည် ဒီမိုကရေစီကို ဗန်းပြပြီး လက်တွေ့ဒီမိုကရေစီ ဖြစ်ထွန်းပေါ်ပေါက်ရေးကို ဟန့်တား

ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်ရေးကို ဟန့်တားနှောင့်ယှက်သူများအား ပြည်ထောင်စု၏ ဘုံရန်သူများအဖြစ် သတ်မှတ်ပြီး ဆန့်ကျင်ချေမှုန်း

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရာတွင်လည်းကောင်း၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပြည့်စုံစေရာတွင်လည်းကောင်း၊ စံပြုထိုက်သည့် အခြေခံမူများဖြစ်ကြောင်း၊ ယခင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းစာကြည့်လျှင် ယခုအမျိုးသားညီလာခံက ရေးဆွဲချမှတ်ပေးခဲ့သော အခြေခံမူများသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားပေါ်တွင် အခြေခံပြီး အထူးတလည် ပေးအပ်ထားသည်ကို ထင်ရှားစွာတွေ့နိုင်ကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ကချင်၊ကယား၊ကရင်နီနှင့်ရှမ်းစသော ပြည်နယ်(၄)ပြည်နယ်ဖြင့်သာ ဖွဲ့စည်းပေးထားပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချင်း၊ မွန်နှင့်ရခိုင်တိုင်းရင်းသားများကိုပါ ပြည်နယ် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုချမှတ်ထားသည့် အခြေခံမူများတွင် အနာဂတ်နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခုအပြင် ‘ဝ’တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့် စသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုတို့ဖြင့် ဖွဲ့စည်းသွားမည်ကို အတိအလင်းတွေ့ရကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများအတွင်းတွင် နေထိုင်သော ကျန်တိုင်းရင်းသားများသည်လည်း လူဦးရေအနည်းဆုံး တစ်သောင်းနှင့်အထက်ရှိသည့် တိုင်းရင်းသားမှန်သမျှ၏ အခွင့်အရေးကိုပင် မမေ့မလျော့ မကျန်မလပ်ရအောင် ပြည့်ပြည့်စုံစုံချမှတ်ထားသည့် အခြေခံမူများဖြစ်၍ မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက ကြိုဆိုထောက်ခံကြရမည်ဖြစ်ကြောင်း။

မျက်ဝါးထင်ထင်တွေ့မြင်

စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အကောင်းဆုံး၊ အခိုင်မာဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများကို အောင်မြင်စွာချမှတ်နိုင်ခဲ့ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ကို အောင်မြင်စွာအကောင် အထည်ဖော်နေချိန်တွင် အမျိုးသားရေးအကျိုးစီးပွားကို အလေးအနက်မထားသည့် ကိုလိုနီနယ်ချဲ့ လက်သစ်များက မြန်မာနိုင်ငံသား ပြည်သူများ စီးပွားရေး ကျဆင်းကျပ်တည်းအောင် ဖိအားပေးပြီး လူထု ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာအောင် နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့ဖိအားပေးမှုများကို ဒီမိုကရေစီလှုပ်ရှားမှုအသွင်ဖြင့် အနောက်နိုင်ငံကြီးတချို့၏ တစ်ဖက်သတ်ထောက်ခံအားပေးမှုများကို ရယူပြီး နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ကို ပျက်စီးသွားအောင် အလုံးစုံပျက်သုဉ်းရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် လုပ်ဆောင်ခဲ့ကြသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း။

လိမ်ညာဖန်တီးထုတ်လွှင့်

ထို့ကြောင့် မကြာခင်က ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှုများသည် အမှန်စင်စစ် ပြည်ပနယ်ချဲ့ လက်သစ်ဝါဒီများနှင့် ပုဆိန်ရိုးတို့၏ လုပ်ကြံဖန်တီးမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်

ဝင်ရောက်ပြီး သံဃာတော်အချို့ကို ခုတုံးလုပ်ကာ မင်းမဲ့စရိုက်လှုပ်ရှားမှုကြီးကို ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း။

သတိပေးပြောကြား

ယနေ့တိုင်းရင်းသားပြည်သူများသည် အမေရိကန်သြဇာခံ ပြည်တွင်းအဖျက်သမားအုပ်စု၏ လုပ်ရပ်များနှင့် ၎င်းတို့၏ မဟာမိတ်များဖြစ်သော BBC ညာနေတာတွေ၊ VOA လိမ်နေတာတွေ၊ RFA ရန်တိုက်ပေးနေတာတွေ၊ DVB မြှောက်ထိုးပင့်ကော်လုပ်ပေးနေတာတွေကို တည်ငြိမ်မှုကို လိုလားသည့် အေးချမ်း

ထောက်ခံကြိုဆို

ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူထုလူတန်းစား အသီးသီးတို့မှ ပြည်သူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)

နှောင့်ယှက်နေသူများသာဖြစ်၍ ယင်းဟန့်တားနှောင့်ယှက်သူများကို မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု၏ ဘုံရန်သူများအဖြစ် သတ်မှတ်ပြီး ပြတ်ပြတ်သားသား ဆန့်ကျင်ချေမှုန်းသွားကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးကို နှောင့်ယှက်၊ ဟန့်တား၊ ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် BBC, VOA, RFA နှင့် DVB စသည့် ပြည်ပ အသံလွှင့်ဌာနများ၏ သွေးထိုးလုပ်ဆောင်ချက်များကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်းနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းသွားသည်။

ကောက်နုတ်တင်ပြ

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးမော်က ပြည်တွင်းပြည်ပ အဖျက်သမား၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများထဲက ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အခြေခံမူများကို ကောက်နုတ်တင်ပြရလျှင်–

- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်၊**
- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်၊**

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံရမည့်မူများသည် နိုင်ငံသားများ၏ ရပိုင်ခွင့်များကို ခိုင်ခိုင်မာမာအကာအကွယ်ပေးထား

စာမျက်နှာ ၇ မှ

- **နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်၊**
- **နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်**

ဖော်ဆောင်မည်ဆိုသည့် အချက်များသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးကို ဦးစားပေး ဖော်ဆောင်ထားသည်ကို တွေ့ရကြောင်း၊ ထို့အပြင် အခြားအခြေခံမူများသည်လည်း တိကျပြည့်စုံမှန်ကန်၍ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ခိုင်မာပြည့်စုံမည်သာ ဖြစ်ကြောင်း လေးနက်စွာ ယုံကြည်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးသည် မိမိတို့ မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် အမျိုးသားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ အကျယ်ပြန့်ဆုံးသော ညီလာခံကြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ ရေခံမြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း၊ ဤကဲ့သို့ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်၌ ကိုယ့်အားကိုယ်ကိုး လျှောက်လှမ်းနေသည်ကို မနာလို မရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပအဖျက်သမားအုပ်စုက အချင်းချင်းစည်းဝါးကိုက်ပြီး ပြည်ပအသံလွှင့် မီဒီယာများဖြစ်သော BBC,VOA,RFA,DVB စသည့် အသံလွှင့်ဌာနများက တစ်ဆင့် မိုးလုံးပြည့် မုသာဝါဒများဖြင့် နည်းမျိုးစုံသုံးကာ အလုံးစုံပျက်စီးရေး ဦးတည်လုပ်ဆောင်နေကြကြောင်း၊ တိုင်းရင်းသားမိဘပြည်သူများရှင် BBC ညာနေပါတယ်၊ VOA လိမ်နေပါတယ်၊ RFA ရန်တိုက်ပေးနေပါတယ်၊ အဆိုပါ ဝေသာလီပုဏ္ဏားများ၏ စကားတွေကို မယုံကြရန်နှင့် သတိထားကြရန် အသိပေးအပ်ပါကြောင်း။

သမိုင်းမော်ကွန်းတင်

ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိကြောင်း၊ မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေသမျှကာလပတ်လုံး နိုင်ငံတော်လုံးဆိုင်ရာ တည်ငြိမ်အေးချမ်းမှုသည် ခိုင်ခိုင်မာမာဖြစ်ထွန်းနေမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်များ မိမိတို့ နိုင်ငံသားအားလုံးတွင် ပြန့်ပွားရှင်သန်ခိုင်မာနေလျှင် မိမိတို့ နိုင်ငံ၏ ငြိမ်းချမ်းတည်ငြိမ်နေသည့် အရှိန်၊စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး အဟုန်တို့ကို မည်သည့်အဖျက်အမှောင့်များကမှ မဟန့်တားနိုင်ဘူးဆိုသည်ကို အောင်မြင်ပြီးခဲ့ပြီဖြစ်သည့် အမျိုးသားညီလာခံကြီးက သက်သေဖြစ်ကြောင်း၊ ဤကဲ့သို့ အခက်အခဲအနှောင့်အယှက် အမျိုးမျိုးကြားက နိုင်ငံတော် ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း သစ္စာစောင့်သိစွာ ကြိုးပမ်းဆောင်ရွက်နိုင်မှု၊ ရဲဝံ့ပြောင်မြောက်သည့် စွမ်းဆောင်နိုင်မှုများက မှတ်ကျောက်အဖြစ် သမိုင်းမော်ကွန်းတင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးကို ဟန့်တားနှောင့်ယှက်နေကြသည့် ပြည်တွင်း ပြည်ပက အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒီ BBC, VOA, RFA, DVB စတဲ့ ပြည်ပမီဒီယာများကို မိမိတို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဘုံရန်သူများအဖြစ် သတ်မှတ်ပြီး ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချကြရန်နှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အောင်အောင်မြင်မြင်ချမှတ်

ဆက်လက်၍ လမ်းမတော်မြို့နယ်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဥပဒေအကျိုးဆောင် ဦးဝင်းနိုင်ဦးက ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးတွင် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ စရိုက်လက္ခဏာ၊ ရေမြေသဘာဝ၊ နိုင်ငံသားအများစု၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အခြေခံပြီး လိုက်ဖက်ဆီလျော်သင့်တော်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

၂၀၀၇ခုနှစ် စက်တင်ဘာ၃ရက်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် ယခင်က ကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ထက် ပိုမိုခိုင်မာ ပြည့်စုံသည်ကို တွေ့ရကြောင်း။

ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းယှဉ်ပါက ယခုချမှတ်ထားသည့် အခြေခံမူများသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ပကတိအရှိတရားများအပေါ် အခြေခံပြီး အထူးတလည် ပေးအပ်ထားကြောင်း ထင်ရှားစွာ တွေ့မြင်ရကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရကို နှစ်ထောင်းအားရဖွယ် တွေ့မြင်ရပြီဖြစ်ကြောင်း။

အညီအမျှရရှိ

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများအနက် ဘာသာ၊ သာသနာရေးနှင့်စပ်လျဉ်းသော အခြေခံမူများတွင် ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးကို လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်းမုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော (သို့မဟုတ်) ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးတွင် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟု အတိအလင်းဖော်ပြထားသည်ကို တွေ့ရကြောင်း၊ အဆိုပါ ဖော်ပြချက်သည် နိုင်ငံသားတိုင်းအတွက် ဘာသာရေး အခွင့်အလမ်းအလေးထားသည့် အခြေခံမူဖြစ်၍ မိမိတို့ နိုင်ငံသားတိုင်းက အပြည့်အဝထောက်ခံကြောင်း။

မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့် အပြည့်ရှိကြောင်း၊ ခရစ်ယာန်ဘုရားဝတ်ပြုကျောင်း၊ အစ္စလာမ်ဘာသာဝင်များ၏ ဗလီ၊ ဟိန္ဒူဘာသာဝင်များ၏ ဘုရားကျောင်းများ ထောင်ချီရှိကြောင်း၊ အားလုံးစိတ်ချမ်းသာစွာဖြင့် မိမိကိုးကွယ်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်နေကြကြောင်း၊ ဗုဒ္ဓဘာသာဝင်ဦးရေအနေဖြင့် ၉၀ရာခိုင်နှုန်းမျှ ရှိကြကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ ပုထိုး၊ စေတီပေါင်းများပြုပြင်၊ အသစ်တည်ထားကိုးကွယ်မှုများကြောင့် ဗုဒ္ဓရုပ်ပွားဘုရားစေတီများ လက်ညှိုးထိုးမလွဲသည့် နိုင်ငံဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံကို ဖျက်ဆီးပစ်လိုသည့် အနောက်နယ်ချဲ့နိုင်ငံများက BBC, VOA, RFA, DVB စသော မီဒီယာများကို အသုံးပြုပြီး ဗုဒ္ဓသာသနာတော်ညှိုးနွမ်းအောင် သင်္ကန်းဝတ်ဆန္ဒပြသံဃာများ အသုံးချပြီး သာသနာဖျက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း၊ သံဃာတော်အားလုံး၏ (၂)ရာခိုင်နှုန်းမျှသာရှိသည့် သံဃာတချို့က အနောက်နိုင်ငံများအလိုကျ သံဃမဟာနာယကဆရာတော်ကြီးများကိုပင် မထီမဲ့မြင်ပြုပြီး ဝိနည်းတော်ချိုးဖောက်၊ ဆူပူမှုဖန်တီးခဲ့သည်ကို တွေ့ခဲ့ရကြောင်း။

ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးမင်းမိုး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို လမ်းမတော်မြို့နယ်မှ ရပ်မိရပ်ဖ ဥပဒေအကျိုးဆောင် ဦးဝင်းနိုင်ဦး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ

ဤကဲ့သို့ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများ၏ ဘာသာ၊ သာသနာကိုပင် အလွတ်မပေးဘဲ သာသနာတော်ကို ခုတုံးလုပ်ပြီး သွေးထိုးလှုံ့ဆော်မှုများကို နားယောင်သည့်လူအချို့ကလည်း မသမာသူများ၏အလိုကျ နိုင်ငံရေးတောင်းဆိုမှုများ ဖော်ထုတ်လာပြီး တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို ပျက်စီးအောင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းအတွင်းက တိုင်းရင်းသားပြည်သူများ၏ကိုယ်စား ဤမင်းမဲ့စရိုက်နှင့် ဆူပူလှုံ့ဆော်ဆန္ဒပြမှုများကို အခြားပြည်နယ်နှင့် တိုင်းများမှ ပြည်သူများနည်းတူ တစ်ထပ်တည်း ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကြောင်း တင်ပြအပ်ကြောင်း။

ယနေ့အချိန်အခါသည် တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲထူထောင်သွားရမည့် အချိန်အခါကောင်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်သည့် အမျိုးသားညီလာခံကြီးကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာပေါ်ထွန်းလာရေးအတွက် ရှေးရှုပြီး ခိုင်မာပြတ်သားစွာ ဆောင်ရွက်သွားရမည့် အချိန်အခါလည်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်ဖျက်ဆီးနေသည့် အဖျက်သမားအုပ်စု၏ အဖျက်လုပ်ငန်းများကို မိမိတို့ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အောင်မြင်စွာကျင်းပပြီးခဲ့သော အမျိုးသားညီလာခံကြီးက မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် နောင်အနာဂတ်တွင်ဖြစ်ပေါ်လာမည့်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသော အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို လေးလေးနက်နက် ထပ်ဆင့်ထောက်ခံတင်ပြပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဖွံ့ဖြိုးတိုးတက်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးမင်းမိုးက ပြည်တွင်းပြည်ပ အဖျက်သမားများ၏အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ မြန်မာတစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပူးပေါင်းပြီး ခေတ်ဟောင်း၊ စနစ်ဟောင်းကနေ ခေတ်သစ် စနစ်သစ်ဆီသို့ ညင်သာစွာ ကူးပြောင်းနိုင်ရန် စစ်မှန်သည့်အင်အားနှင့် မှန်ကန်သောမူဝါဒ၊ ပကတိအခြေအနေနှင့် ကိုက်ညီဆီလျော်သည့် လမ်းစဉ်၊ စေတနာပါပြီး လက်တွေ့ကျသော အကောင်အထည်ဖော်မှုများကြောင့် ဘက်စုံ၊ ကဏ္ဍစုံတွင်တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေပြီ ဖြစ်ကြောင်း။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ယခင်ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ယနေ့တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားကို မဖော်ဆောင်နိုင်တော့သည့်အတွက် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အခြေခံဥပဒေတစ်ရပ်လိုအပ်နေသည်ဆိုသည်ကို ပြည်သူအားလုံး နားလည်သဘောပေါက်နေကြကြောင်း။

ဦးထိပ်ပန်ဆင်

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တွင် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ရာ ယခုအခါ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ပီပီပြင်ပြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်သည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းထမ်းဆောင်နေကြောင်း၊ အမျိုးကိုချစ်သည်ဆိုလျှင် အမျိုးကို စောင့်ရှောက်ရမည်၊ အမျိုးဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကိုချစ်သည်ဆိုလျှင် တိုင်းပြည် မပြိုကွဲအောင် ကာကွယ်စောင့်ရှောက်ရမည်၊ တိုင်းပြည်အခြေအနေ မြင့်မားသထက်မြင့်မားအောင် ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့်ရပ်တည်ချက်၊ မဆုတ်မနစ် စွမ်းဆောင်ခဲ့သည့် အမျိုးသားရေးကြိုးပမ်းမှုများကြောင့် ယနေ့မိမိတို့မြန်မာနိုင်ငံသည် အမျိုးသားအင်အား၊ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားများကို ခိုင်ခိုင်မာမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ အမျိုးသားအင်အား တည်ဆောက်နိုင်မှုအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခဲ့သည့်အပြင် အမျိုးသားနိုင်ငံရေးအဖွဲ့အစည်းများကိုလည်း နည်းမှန်လမ်းမှန်ဖြင့် ဦးဆောင်ဦးရွက်ပြုပြီး နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ ငြိမ်းချမ်းရေးရယူခဲ့ကြသည့် အဖွဲ့များနှင့် အမျိုးသားရေးအသင်းအဖွဲ့များက အစိုးရနှင့်လက်တွဲပြီး ဥပဒေဘောင်အတွင်းတွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးအဖွဲ့များသည် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံရမယ့်မူများသည် နိုင်ငံသားများ၏ ရပိုင်ခွင့်များကို ခိုင်ခိုင်မာမာ အကာအကွယ်ပေးထားခြင်းဖြစ်သည့်အတွက် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို ဖော်ထုတ်နိုင်မည့်၊ အာမခံချက်ပေးနိုင်မည့် အခြေခံမူများဖြစ်ကြောင်း၊ ဤကဲ့သို့ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားများကိုသာ ဦးတည်ချမှတ်ပေးခဲ့ခြင်းဖြစ်၍ ချမှတ်ခဲ့သည့် အခြေခံမူများကို မိမိတို့တိုင်းရင်းသားပြည်သူလူထုကြီးက ကြိုဆိုထောက်ခံသွားကြရမည်ဖြစ်ကြောင်း။

သွေးထိုးလှုံ့ဆော်

မိမိတို့နိုင်ငံကြီး တည်ငြိမ်အေးချမ်းပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို မလိုလားသည့် ပြည်တွင်းကသစ္စာဖောက် ပုဆိန်ရိုးအဖျက်သမားများနှင့် ပြည်ပက အင်အားကြီးနိုင်ငံအချို့သည် မိမိတို့နိုင်ငံကို ၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်းမျိုး ထပ်မံဖြစ်ပွားအောင် အစဉ်တစိုက် လုပ်ဆောင်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် စက်တင်ဘာလတွင် “ဘယ်သူသေသေ ငတေမာရင်ပြီးရော” ဆိုသည့်အတိုင်း ဒေါ်လာနဖားကြိုးနှင့် ပြည်တွင်းက အဖျက်သမားအုပ်စုသည် အနာဂတ်မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ဒေါ်လာဖြင့် ရောင်းချ ယဇ်ပူဇော်ရန် လက်ရဲဇက်ရဲ လုပ်ဆောင်ခဲ့ရုံမျှမက သာသနာ့ဝန်ထမ်း၊ ရဟန်းသံဃာများနှင့် အစိုးရကြား ဆရာဒကာ ဆက်ဆံရေးပျက်ပြားအောင် စနစ်တကျ အကွက်ချလုပ်ဆောင်ခဲ့ကြောင်း၊ ယင်းကို ပြည်ပမီဒီယာများဖြစ်သည့် BBC၊ VOA၊ RFA နှင့် DVB အသံလွှင့်ဌာနများကလည်း ပြည်တွင်းက ပုဆိန်ရိုးသစ္စာဖောက်အုပ်စုနှင့် လက်ဝါးချင်းရိုက် စည်းဝါးကိုက်ကာ အချိန်ကိုက် မဟုတ်မမှန်လိမ်ညာသတင်းများကို ၁၉၈၈ခုနှစ်အရေးအခင်းကာလတုန်းကနည်းတူ သွေးထိုးလှုံ့ဆော် ထုတ်လွှင့်ခဲ့ကြသည့်နည်းအတိုင်း ရန်တိုက်ပေးခဲ့ကြကြောင်း။

သို့သော်လည်း မိမိတို့ မြန်မာပြည်သူလူထုသည် တည်ငြိမ်မှုကိုသာ လိုလားကြကြောင်း၊ အေးချမ်းမှုကိုသာ လိုလားကြကြောင်း၊ ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း၊ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် ပြည်တွင်းပြည်ပက အဖျက်သမားများ၏ အမျိုးသားညီလာခံ မအောင်မြင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုနိုင်ရေးတို့အတွက် ခေတ်သစ်နယ်ချဲ့ရိုက်ကွက်အမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်မှုမှန်သမျှကို စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တွန်းလှန်အောင်နိုင်ခဲ့ကြောင်း။

နိုးကြားရှင်သန်

မိမိတို့ပြည်သူလူထုသည် အမျိုးသားညီလာခံကြီးနှင့်အတူ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာ အတည်ပြုနိုင်ရေးအတွက်

16-10 (08) 1 10/16/07, 2:17 AM

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးမင်းဟန် (အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို မြောက်ဥက္ကလာပမြို့နယ်မှ ရပ်မိရပ်ဖ စီးပွားရေးလုပ်ငန်းရှင် ဦးမြင့်ဟန် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လှည့်ကွက်တွင် ကျရောက်အလိမ်အညာမခံရစေရန် အမျိုးသားရေးအမြင်များ နိုးကြားရှင်သန်နေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ကျွန်ဇာတ်သွင်းရန် ကြိုးပမ်းလုပ်ဆောင်မှုမှန်သမျှကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လှိုက်လှိုက်လှဲလှဲထောက်ခံကြိုဆိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးမင်းဟန်(အငြိမ်းစား)က ပြည်တွင်းပြည်ပ အဖျက်သမားများ၏အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးကို ၂၀၀၇ခုနှစ် စက်တင်ဘာ၃ရက်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းအခြေခံမူများသည် အနာဂတ် မိမိတို့နိုင်ငံတော်ကြီးကို ပုံဖော်လမ်းခင်းပေးလိုက်ခြင်းဖြစ်သည့်အတွက် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဂုဏ်ပြုကြိုဆိုကြရမည်ဖြစ်ကြောင်း။

ထပ်ဆင့်တာဝန်အပ်နှင်း

အမျိုးသားညီလာခံက ချမှတ်ပေးလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံမူများထဲတွင် တပ်မတော်နှင့်သက်ဆိုင်သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူ အချက်(၁၄)ချက်ပါရှိသည်ကို တွေ့ရကြောင်း၊ ဤအခြေခံမူများသည် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး အမျိုးသားနိုင်ငံရေးတာဝန်ကို အစဉ်ထမ်းဆောင်နေသည့် တပ်မတော်ကို ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလမှာလည်း ကာကွယ်စောင့်ရှောက်ရန် ထပ်ဆင့်တာဝန်အပ်နှင်းလိုက်ခြင်းပင်ဖြစ်သည့်အတွက် မိမိတို့ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်ကို တာဝန်ပေးအပ်လိုက်ခြင်းသည် မရှိမဖြစ် လိုအပ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒသဘောထားနှင့်လည်း တစ်ထပ်တည်း ကိုက်ညီကြောင်း၊ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်ဦးတည် ချမှတ်ခဲ့ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုဆိုသည့် အခြေခံမူသည် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးကို ကာကွယ်ရေးရှုဆောင်ရွက်ခြင်းဖြစ်၍ လျော်ကန်သင့်မြတ်လှသည့်အတွက် လေးလေးနက်နက် ထောက်ခံကြိုဆိုအပ်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်လိုက်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာသိရှိပြီး ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ မိမိတို့နိုင်ငံ၏ အနာဂတ်ပုံသဏ္ဌာန်ကို ပုံဖော်ပြီး တိုင်းရင်းသားပြည်သူများက နှစ်ထောင်းအားရဖြစ်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများက မိမိတို့နိုင်ငံကို ပြည်ပသြဇာခံဘဝ မရောက်ရောက်အောင် ဖျက်လိုဖျက်ဆီး ကြိုးပမ်းလုပ်ဆောင်လာသည်ကိုလည်း စက်ဆုပ်ဖွယ်ရာ တွေ့နေရကြောင်း၊ အကြမ်းဖက်ဆူပူမှုကြောင့် ပြည်သူအများ အထိတ်တလန့်ဖြစ်ကြရကြောင်း၊ မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရကြောင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ကြရကြောင်း၊ ဈေးရောင်းသူများ စိတ်ချလက်ချ ဈေးမရောင်းနိုင်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်ခဲ့ရကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများသည် အကြမ်းဖက်ဆူပူမှုများကြောင့် အကျပ်အတည်းများတွေ့ခဲ့ရသော်လည်း နယ်ချဲ့ခိုင်းဖတ်စေဖတ် ပြည်ပြေးများကမူ ဒေါ်လာဝင်လမ်း ဖြောင့်ခဲ့ကြကြောင်း၊ အလံရှူးလုပ်သူများက ထောက်ပံ့ကြေးများရနေကြပြီး ဒုစရိုက်ကောင် တောကြောင်များကမူ အကြိုက်တွေ့ခဲ့ကြကြောင်း၊ အခါပေး မီဒီယာများမှ သစ္စာဖောက်များလည်း ဝင်ငွေကောင်းခဲ့ကြကြောင်း။

ဤကဲ့သို့ အကြမ်းဖက်ဆူပူမှုကြောင့် မည်သူများအကျိုးရှိပြီး မည်သူများ အကျိုးမဲ့စေသည်ဆိုသည်ကို ခွဲခွဲခြားခြား သိမြင်ကြသည့် ပြည်သူများအနေဖြင့် ယင်းအဖျက်သမားများ၏ ပျက်စီးရာပျက်စီးကြောင်း ကြိုးပမ်း လုပ်ဆောင်နေမှုများကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် အထူးသတိပြုပြီး တားဆီးချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။

ဆန့်ကျင်ကန့်ကွက်

ထို့ကြောင့် အဆိုရှင် ဦးမြင့်ဦးတင်သွင်းသွားသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ်မှ ရပ်မိရပ်ဖ စီးပွားရေးလုပ်ငန်းရှင် ဦးမြင့်ဟန်က ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချ ကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ မိမိတို့နိုင်ငံတော်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီကျင့်စဉ်ကျင့်သုံးသည့် နိုင်ငံဖြစ်ပေါ်လာရေးကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စိတ်ရောကိုယ်ပါ ကြိုးပမ်းဖော်ဆောင်ခဲ့ရာတွင် ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်အားလုံးက တစည်းတလုံး တညီတညွတ်တည်း အတည်ပြုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဤအမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများအရ ပြည်သူအားလုံးအတွက် ဒီမိုကရေစီ အခြေခံအခွင့်အရေးများနှင့် ပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ အလားတူ တိုင်းရင်းသားများအတွက်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့် ရရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေး အပါအဝင် ဘာသာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း အခြားဒီမိုကရေစီနိုင်ငံများ၌ ပေးအပ်ထားသည့် အခွင့်အရေးများနည်းတူ ရရှိသော အာမခံချက်များ၊ အခြေခံဥပဒေတွင်ပါရှိသည်ဖြစ်၍ ယခု ချမှတ်လိုက်သည့် အခြေခံမူ၊ အသေးစိတ်အခြေခံရမည့်မူများကို မူတည်ပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိတို့နိုင်ငံအတွက် အသင့်မြတ်ဆုံး၊ အကောင်းဆုံးနှင့် အကိုက်ညီဆုံးဖြစ်၍ မိမိတို့ပြည်သူတစ်ရပ်လုံးက အလေးအနက်ထောက်ခံကြိုဆိုပါကြောင်း။

ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းတည်ဆောက်ရာတွင် နိုင်ငံတော်သည် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးခြင်း၊ နိုင်ငံသူ နိုင်ငံသားများဝပြောစည်ပင်ခြင်းနှင့် ပညာတတ်နိုင်ငံဖြစ်ပေါ်ခြင်းတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းလိုအပ်ချက်များ ပြည့်စုံရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ နိုင်ငံတော်ကို တည်ဆောက်မြှင့်တင်ပေးနေချိန်တွင် ဆန့်ကျင်အကြမ်းဖက်မှု လုပ်ငန်းမှန်သမျှသည် ဒီမိုကရေစီနှင့် မသင့်လျော်ကြောင်း မိမိတို့ခံယူကြကြောင်း။

ထိုးနှက်တိုက်ခိုက်

ထို့ကြောင့် အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ အလုံးစုံပျက်သုဉ်ရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေး ဆိုသည့် လုပ်ရပ်များသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပျက်ပြားအောင် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ ယင်းလုပ်ရပ်များဖြင့် ဆောင်ရွက်နေသူမှန်သမျှကို မိမိတို့ပြည်သူများက တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချလိုက်ပါကြောင်း၊ အလားတူ စီးပွားရေးပိတ်ဆို့မှုအပါအဝင် နိုင်ငံရေး၊ လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားခြင်းပါမကျန် ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်နေသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ရေးအဖွဲ့များ၊ အနောက်နိုင်ငံကြီးများ၏ မီဒီယာများနှင့် မဟုတ်မမှန် သွေးထိုးဝါဒဖြန့် လှုံ့ဆော်တိုက်ခိုက်နေမှုများကိုလည်း မိမိတို့ ရန်ကုန်တိုင်းမှ ပြည်သူများက အခြားသော ပြည်နယ်/တိုင်းအသီးသီးမှ ပြည်သူများနည်းတူ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။

ရှေ့ဆက်ပြီး၍လည်း အမျိုးသားညီလာခံနှင့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုကို ပျက်ပြားအောင် ရည်ရွယ်ဆောင်ရွက်မှုမှန်သမျှကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညီ ချေမှုန်းတိုက်ဖျက်သွားကြမည်ပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ အောင်မြင်စွာပြီးစီးခဲ့ခြင်းကြောင့် ကျန်ရှိနေသည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ လုပ်ငန်းအဆင့်ဆင့်ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်မည့် အခြေအနေကောင်းများကို မိမိတို့ မည်သည့်နည်းနှင့်မျှ လက်လွှတ်ဆုံးရှုံးမခံနိုင်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် တိုးတက်မှုတစ်ရပ်အနေဖြင့် ရှုမြင်နိုင်ခြင်းမရှိဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရပ်တန့်ပျက်ပြားအောင် လုပ်ဆောင်မှုများကိုလည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကို လိုလားသော မိမိတို့ပြည်သူများက မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်ကြောင်း။

ထောက်ခံကြိုဆို

ထို့ကြောင့် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အဖျက်လုပ်ရပ်မှန်သမျှကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လှိုက်လှိုက်လှဲလှဲထောက်ခံကြိုဆိုပါကြောင်း အလေးအနက်ပြောကြားရင်း အဆိုရှင်တင်သွင်းသွားသည့်အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းတို့ကို တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက်၈နာရီ ၄၅မိနစ်တွင် အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၁၅

၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း၈ရက်(အောက်တိုဘာ ၁၉ ရက်) သောကြာနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ညောင်ကန်အေးရိပ်သာနှင့် ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဣန္ဒက အရှင်သူမြတ်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သုခဝတီစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တသံဝရအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စေတိယပါလကျောင်း ပဓာန နာယက ဂေါပကအဖွဲ့၏သြဝါဒါစရိယ ဘဒ္ဒန္တသောဘိတအရှင်သူမြတ်က ဥပုသ်သီလပေးတရားတော်များကိုလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က–ပ)**

စာမျက်နှာ ၃ မှ

စုစုပေါင်းမှာ ကျပ် ၇၅၀၁၇၀၀ ကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပရိယတ္တိအလယ်တိုက်ကျောင်း ပြုပြင်မွမ်းမံထိန်းသိမ်းရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀သိန်း၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားနှင့် မိသားစုများက ငွေကျပ် နှစ်သိန်းစီ၊ ဦးဝင်းသိန်းမိသားစု(ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မ သိင်္ဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေး)၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)နှင့် ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်တစ်သိန်းစီ၊ လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒေါ်လှလှ (လမ်းမတော်)တို့က ငွေကျပ်ငါးသောင်းစီ စုစုပေါင်း ငွေကျပ် ၂၂သိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးဝင်းမောင်သိန်းက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တနန္ဒဓဇထံမှ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းမတော်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၇၉အိတ် ၉ပြည်၊ ဆီ ၄၄၄ ပိဿာ ၁၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၆၉၂ ပိဿာ၊ သွားတိုက်ဆားဘူး ၁၃၈ ဘူး၊ ဆေးမျိုးစုံ ၁၉၂၅ ဘူး၊ ပဲ ၁၃၈ ပိဿာ ၂၀ ကျပ်သား၊ ငရုတ်သီးမှုန့် အထုပ် ၄၉၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ကျပ် ၇၅၀၁၇၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁၀–၂၀၀၇
(အင်္ဂါနေ့)

AM & PM

၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅	"သစ္စာမသိလျှင်အပါယ်နှင့်နီးပုံ" တရားတော် (ပြည်တွင်း ပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
၇း၄၅ – ၁း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင် အထွက်နှုန်း"
၇း၅၅ – ၁း၅၅	တေးဂီတအစီအစဉ်
၈း၀၀ – ၂း၀၀	Sunday Talk
၈း၅၅ – ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ – ၃း၀၀	စားမယ်သုံးမယ် ဝါးတူနဲ့ကွယ်
၉း၁၀ – ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ – ၃း၂၀	အသီးများ၏ဒိုင်ယာရီ (အပိုင်း–၁) [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၉း၄၀ – ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ – ၃း၄၅	နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ကြိုးစားကြပါစို့
၁၀း၀၀ – ၄း၀၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၅ – ၄း၀၅	ဆွာချောင်းရေလှောင်တမံ
၁၀း၁၅ – ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ – ၄း၂၀	Yangon Panorama. ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) (၁၁)ကြိမ်မြောက်ဘွဲ့ယူ၊ ပန်းချီပန်းပုလက်ရာမွန်ပြပွဲနှင့်ဂီတသဘင် စင်တင် တင်ဆက်ပွဲ
၁၀း၃၅ – ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ – ၄း၄၀	ငွေစင်ရဲ့တွန်းအား 925 Silver
၁၁း၀၀ – ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ – ၅း၀၅	လုံလုံလုံ (ဖိုးဉာဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ– မလိခစိုးထိုက်အောင်)
၁၁း၁၀ – ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ – ၅း၂၀	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၁း၃၀ – ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ – ၅း၃၅	Road to SEA Games WUSHU (ဝူရှူး)
၁၂း၀၀ – ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ – ၆း၀၅	ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့
၁၂း၁၅ – ၆း၁၅	Music Gallery (ဆောင်းအမှတ်တရတေးများ)
၁၂း၄၅ – ၆း၄၅	သစ်သီးဝလံပေါပြည့် ဝေဆာတို့မြေမှာ (ကျွဲကောသီး)
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

NLD ဌာနချုပ်သို့ စက်တင်ဘာလအတွင်း အမေရိကန်သံရုံးက (၁၂) ကြိမ် ဝင်ထွက်မှုရှိခဲ့ NLDဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် အမြဲမပြတ် ဆက်သွယ်ပြီး ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၅

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟိုသည် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံနှင့်လူမျိုးအကျိုးကို ဖော်ဆောင်ရမည့်အစား တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မီးဆွဲဘဝသို့ ရောက်အောင် လုပ်ဆောင်နေခြင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးအချို့မှ သံတမန်များ၊ သံရုံးဝန်ထမ်းများနှင့် မသင့်မလျော်ဆက်ဆံ၍ ပြည်ပနိုင်ငံကြီးအချို့၏ သြဇာကို နာခံလုပ်ဆောင်နေခြင်းတို့ကြောင့် တိုင်းရင်းသားပြည်သူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအပေါ် အယုံအကြည်ကင်းမဲ့လျက်ရှိသည်။

အမြဲမပြတ်ဆက်သွယ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက ဧပြီလအတွင်း (၁၁)ကြိမ်၊ မေလအတွင်း(၂၁)ကြိမ်၊ ဇွန်လအတွင်း(၁၈)ကြိမ်၊ ဇူလိုင်လအတွင်း(၁၁)ကြိမ်၊ ဩဂုတ်လအတွင်း(၁၈)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

အလားတူ စက်တင်ဘာလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့ အမေရိကန်သံရုံးက (၁၂)ကြိမ်လာရောက်၍ NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အပြည်ပြည်ဆိုင်ရာ အလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ဘနွန်နိုင်ငံမှ အလှမယ်တစ်ဦးကို အောက်တိုဘာ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းအား ထောက်ခံမှုကျဆင်း နိုင်ငံအား ဆက်လက်အုပ်ချုပ်နိုင်ရေး ဖိအားပေးခံရ

လန်ဒန် အောက်တိုဘာ ၁၅

ဗြိတိန်နိုင်ငံတွင်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၏ လေဘာပါတီသည် ပြည်သူတို့၏ထောက်ခံမှုကို ၁၅နှစ်ကြာ ရရှိခဲ့သည်။ သို့သော်လည်း အောက်တိုဘာ ၁၄ရက် မဲဆွယ်ပွဲတွင် ၎င်းပါတီ၏နေရာကို အတိုက်အခံ ကွန်ဆာဗေးတစ် ပါတီက ရယူသွားခဲ့သည်။ ထိုသို့ ဂေါ်ဒွန်ဘရောင်းအား ထောက်ခံမှု ကျဆင်းလာခြင်းကြောင့် ၎င်း၏ ဗြိတိန်နိုင်ငံအား ဆက်လက် အုပ်ချုပ်ရေး ရည်မှန်းချက်ကို ဖိအားပေးခံနေရပြီ ဖြစ်သည်။

ရင်ဆိုင်ခဲ့ရ

ယင်းမဲဆွယ်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီက ဘရောင်း၏လေဘာပါတီအပေါ် ခုနစ်မဲအသာဖြင့် ဦးဆောင်ခဲ့သည်။ ဘရောင်းသည် စောစောပိုင်း ရွေးကောက်ပွဲတွင် ပုတ်ခတ်စော်ကားမှုများကို ခံခဲ့ရပြီး ၎င်းတို့၏မူဝါဒများကို အတုခိုးသည်ဟူသော ကွန်ဆာဗေးတစ်ပါတီ၏စွပ်စွဲမှုကို ရင်ဆိုင်ခဲ့ရသည်။

ဘရောင်းသည် ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲထံမှ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းရယူပြီးနောက် ရက် ၁၀၀ အတွင်း မဲဆန္ဒရှင်များနှင့် အပန်းဖြေခရီး ထွက်ခဲ့သည်။ သို့သော်လည်း ဘရောင်း၏ပြိုင်ဘက်အပေါ် ၁၁မဲအသာဖြင့် အနိုင်ရခဲ့မှုသည် အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံ သွင်းကုန်များ၌ စားသုံးဆီ တင်သွင်းမှုလိုအပ်

နယူးဒေလီ အောက်တိုဘာ ၁၅

အိန္ဒိယနိုင်ငံရှိ ပြည်တွင်းကုန်သွယ်မှု စီးပွားရေးလုပ်ငန်း (အမ်အမ်တီစီ) ကုမ္ပဏီမှ စားသုံးဆီတန်ချိန် ၂၀၀၀၀ကို မှာယူရရှိကြောင်း အောက်တိုဘာ ၁၃ရက်တွင် အဆိုပါကုမ္ပဏီက ပြောကြားသည်။

ပူးတွဲတာဝန်

အမ်အမ်တီစီ ကုမ္ပဏီအနေဖြင့် ယခုလ ပွဲတော်ရာသီ ကာလအတွင်း စားသုံးဆီ ပိုမိုမှာယူရန် ခန့်မှန်းထားရှိကြောင်း၊ လက်ရှိသွင်းကုန်များတွင် စားအုန်းဆီတန်ချိန် ၃၀၀၀နှင့် အခြားဆီတန်ချိန် ၁၈၀၀၀ခန့် မှာယူတင်သွင်းရကြောင်း သိရသည်။

ဝယ်ယူရရှိ

ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် စားသုံးဆီအများဆုံး မှာယူသောနိုင်ငံဖြစ်ပြီး စားအုန်းဆီကို မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ဝယ်ယူပြီး ပဲဆီကို အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့မှ ဝယ်ယူရရှိသည်။

အောက်တိုဘာလအတွင်း နိုင်ငံတွင်း ကုမ္ပဏီများ၏ စားသုံးဆီတန်ချိန် ခြောက်သန်း မှာယူတင်သွင်းနိုင်ရေး မျှော်လင့်ထားရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှား-စင်ကာပူ အမြန်ရထားလိုင်းသစ်ပြေးဆွဲ

ကွာလာလမ်ပူ အောက်တိုဘာ ၁၅

မလေးရှားနိုင်ငံ မြောက်ပိုင်း ပီရက်ပြည်နယ် မြို့တော်အိုင်ပို့မှ စင်ကာပူနိုင်ငံသို့ အမြန်ရထားပြေးဆွဲမှုကို မလေးရှားမီးရထားကုမ္ပဏီ ကီရီတာပီတာနက်မီလာယူဘာဟတ် (ကေတီအမ်ဘီ)က အောက်တိုဘာ လဆန်းပိုင်းတွင် စတင်လိုက်ပြီဖြစ်သည်။

မကြာမီ ရောက်ရှိတော့မည့် ဟာရီရာယာပွဲတော်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်နှင့် မလေးရှားနိုင်ငံ၏ ခရီးသွားနှစ်အတွက် လှုပ်ရှားမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ယင်းသို့ နှစ်နိုင်ငံ အမြန်ရထားပြေးဆွဲမှုကို စတင်ခဲ့ခြင်းဖြစ်သည်။

သွားလာနိုင်

ယခုကဲ့သို့ အမြန်ရထား ခရီးစဉ်သစ်ကို ပြေးဆွဲနိုင်ခဲ့ခြင်းကြောင့် မလေးရှားနိုင်ငံ မြောက်ပိုင်းမှ ခရီးသွားပြည်သူများ စင်ကာပူနိုင်ငံသို့ အလွယ်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

မြှင့်တင်ပေး

ယခု ရထားလမ်းပိုင်းသစ်တွင် အမြန်ရထားနှစ်စင်း ပြေးဆွဲသွားမည်ဖြစ်ပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၌ တရားမဝင် ရောက်ရှိသူများ ဖမ်းဆီး

လော့အိန်ဂျလိစ် အောက်တိုဘာ ၁၅

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ်၌ လွန်ခဲ့သည့် ရက်သတ္တပတ်က အခြားနိုင်ငံများမှ တရားမဝင်ရောက်ရှိလာသူများအား ဖမ်းဆီးနှိမ်နင်းမှုပြုခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဖော်ပြ

အမေရိကန် လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ ဥပဒေချိုးဖောက်သူ ၅၃၀ကျော်ကို ဖမ်းဆီးခဲ့ပြီး ထိန်းသိမ်းထားရှိကြောင်း၊ ဖမ်းဆီးမိသူများတွင် အာမေနီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျော်ဒန်နှင့် ပီရူးနိုင်ငံတို့မှ ပါဝင်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီတွင် ကားဗုံးခွဲ တိုက်ခိုက်

မိုဂါဒစ်ရှူး အောက်တိုဘာ ၁၅

ဆိုမာလီနိုင်ငံတောင်ပိုင်း ဘိုင်နိုအာမြို့ရှိ ဆိုမာလီဝန်ကြီးချုပ် တည်းခိုနေထိုင်ရာ ဟိုတယ်တစ်ခုအနီးမှ အီသီယိုးပီးယား စစ်အခြေစိုက် စခန်းသို့ ဝင်ရောက်ပြီး အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး အီသီယိုးပီးယား တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဒေသခံများက အောက်တိုဘာ၁၃ရက်၌ ပြောကြားသည်။

ပြောကြား

အီသီယိုးပီးယား စစ်အခြေစိုက် စခန်းသို့ အသေခံ ကားဗုံးခွဲသမားများ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အီသီယိုးပီးယားတပ်ဖွဲ့ဝင်နှစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း အခင်းဖြစ်ရပ်ရှိ ဆိုမာလီ ထိပ်တန်းရဲအရာရှိတစ်ဦးက ဖုန်းဖြင့် ဆင်ဟွာသို့ ပြောကြားသည်။

ဒဏ်ရာရရှိ

ဆိုမာလီဝန်ကြီးချုပ် မိုဟာမက်ဂီဒီတည်းခိုနေထိုင်သည့် ဟိုတယ်အနီး ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ပေါက်ကွဲမှုကြောင့် လူသုံးဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား အရပ်သားသုံးဦး သေဆုံး၊ ၁၀ဦး ဒဏ်ရာရရှိ

တီကရစ် အောက်တိုဘာ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ် တူဇ်ခူရာမာတိုမြို့တွင် အောက်တိုဘာ ၁၂ရက်က အားကစားကွင်းတစ်ခုအနီး **(ယာဉ်)** ဗုံးတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ နံနက်ပိုင်းအချိန်တွင်ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများတွင် ကလေးငယ်များ အများစုပါဝင်ကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့အနောက်မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် အီရတ်လက်နက်ကိုင် ၁၉ဦးနှင့် အရပ်သား ၁၅ဦးတို့ သေဆုံးခဲ့ရပြီးနောက်ပိုင်း ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရေလွှမ်း

တူနီးရှားနိုင်ငံ တူးနစ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲ ခုနစ်ဦးသေဆုံး၊ ၂၉ ဦး ဒဏ်ရာရရှိ

ကဘူးလ် အောက်တိုဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ အောက်တိုဘာ ၁၃ ရက် ညနေပိုင်းက ဈေးတစ်ခုအတွင်း အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားငါးဦးသေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စီးနင်းဝင်ရောက်

ယင်းဖြစ်ပွားမှုသည် ၎င်းနေ့ ဒေသစံတော်ချိန်ညနေ ၆ နာရီ ၂၅ မိနစ်က ဈေးအတွင်း မော်တော်ဆိုင်ကယ်ဖြင့် စီးနင်းဝင်ရောက်ကာ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသူ ခုနစ်ဦးစလုံးသည် အရပ်သားများဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။ ယင်းပေါက်ကွဲမှုတွင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် အရပ်သား ၂၁ ဦးလည်း ဒဏ်ရာရရှိသည်ဟု ၎င်းက ပြောကြားခဲ့သော်လည်း အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒ ဖော်ထုတ် ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

မိုးနဲမြို့နယ်

မိုးနဲမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုးနဲမြို့ရှိ မြို့ပေါ် ရပ်ကွက် ငါးရပ်ကွက်နှင့် နောင်မြိုင်း၊ ဝမ်ဟေး၊ နားခံ၊ မိုက်ဟိုင်း၊ ကွန်နား၊ လွိုင်ချို၊ ကာဟ၊ နောင်လိုင်၊ နမ့်မော်ဆွမ့် ကျေးရွာအုပ်စုများမှ ပြည်သူအင်အား ၁၃၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုးနဲမြို့ မြို့မအားကစားကွင်းမှ ပြည်ထောင်စုလမ်းမကြီး၊ ၎င်းမှ စံပယ်လမ်းနှင့် ဆက်သွယ်ရေးလမ်းဆုံမှ မောက်မယ်–မိုးနဲလမ်း၊ ၎င်းမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း စနစ်တကျ လှည့်လည်ကာ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်ဟူသော ကြွေးကြော်သံများကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC, VOA, RFA လေလှိုင်းပေါ်က လူသတ်သမား သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

လင်းခေးမြို့နယ်

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လင်းခေးမြို့နယ်ရှိ ရပ်ကွက် ကျေးရွာများမှ ပြည်သူအင်အား ၁၃၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီတွင် လင်းခေးမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အေးချမ်းမှုကို လိုလားသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

လွိုင်ကော်မြို့နယ်

ထို့အပြင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လွိုင်ကော်မြို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၊ ၎င်းမှ နာရီစင်၊ မီးပွိုင့်လမ်းဆုံ၊ ၎င်းမှ ကန္ဒရဝတီလမ်းနှင့် ပဒေသာလမ်းဆုံ၊ ၎င်းမှ ကန္ဒရဝတီလမ်းနှင့် ဒေါနလမ်းဆုံ၊ ၎င်းမှ ဒေါနလမ်းနှင့် သီရိလမ်းဆုံ၊ ၎င်းမှ သီရိမင်္ဂလာဈေးရှေ့လမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန် အရေး(၃)ပါး၊ မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး ဖွံ့ဖြိုးမှုကို မဖျက်ဆီးပါနဲ့၊ တည်ငြိမ်မှုကိုလိုလားသည်၊ BBC လိမ်နေသည်၊ VOA ညာနေသည်၊ RFA ရန်တိုက်ပေးနေသည်၊ အဖျက်သမားသတိထား၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုကြိုဆိုသည်၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မိုးနဲမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဒီးမော့ဆိုမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ဒီးမော့ဆိုမြို့နယ်

အလားတူ ကယားပြည်နယ် ဒီးမော့ဆိုမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဒီးမော့ဆိုမြို့မှ ပြည်သူအင်အား ၇၅၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇ နာရီတွင် ဒီးမော့ဆိုမြို့ ငွေတောင်ကျေးရွာ၊ ၎င်းမှ မော်ချီးလမ်း၊ ၎င်းမှ ဒေါတမကြီးလမ်း၊ ၎င်းမှ မြို့မဈေးလမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဘက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ BBC,VOA,RFA အသံ ဒို့လက်မခံ၊ အမေကျော် ဒွေးတော်မလွမ်းနဲ့၊ ဆရာဒကာ သွေးစည်းမှု ဒို့ရှေးရှု၊ ကျွန်ဖြစ်မည့်အကြံ ဒို့လက်မခံ၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဖွံ့ဖြိုးမှုကို မဖျက်ဆီးပါနဲ့စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လင်းခေးမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လွိုင်ကော်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ဖရူဆိုမြို့နယ်

ကယားပြည်နယ် ဖရူဆိုမြို့ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ဖရူဆိုမြို့မှ ပြည်သူအင်အား ၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ဖရူဆိုအထက်တန်းကျောင်း၊ ၎င်းမှ ခိုးဒူလမ်း၊ ၎င်းမှ မော်ချီးလမ်း၊ ၎င်းမှ ဟိုယာလမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်၍ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဖွံ့ဖြိုးမှုကို မဖျက်ဆီးပါနဲ့၊ သူ့ကျွန်မခံပါ၊ နယ်ချဲ့အကြံ ဒို့လက်မခံ၊ အဖျက်သမားသတိထား၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KMD Since 1986 Computer Centre
Practical A+ Duration (40) Hours
နောက်ဆုံးပေါ် Intel Socket 775, Serial ATA နည်းပညာများကို P4 စက်သစ်များနှင့် တစ်ဦးလျှင် စက်တစ်လုံးနှုန်းဖြင့် ကိုယ်တိုင်ကျွမ်းကျင်စွာပြင်ဆင်/တပ်ဆင်နိုင်သော Hardware Technician အဖြစ် အလုပ်ဝင်နိုင်ရန်အတွက် လက်တွေ့ကို ဦးစားပေးသင်ကြားပါမည်။
(ရုံးချုပ်) ဖုန်း - ၂၄၉၃၁၅/၃၈၀၇၇၆/၃၈၀၀၂၉
(ဆိပ်ကမ်းသာ) ဖုန်း - ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၈၅၅
(မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၇
(သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၈၁၃၈၄၆၄
(လှည်းတန်း) ဖုန်း - ၅၂၄၄၀၀/၅၀၅၃၉၉
(တာမွေ) ဖုန်း - ၅၄၁၃၂၈/၅၄၆၆၀၀
သင်တန်းအပ်လက်ခံနေပါပြီ။

ဖခင်အမည်မှန်
အထက(၁)ဒေါပုံ တက္ကသိုလ်ဝင်တန်း(J)မှ မောင်မင်းဦး၏ဖခင်အမည်မှန်မှာ ဦးထွေးသိန်း ၁၂/ဒပန(နိုင်)၀၂၂၄၇၉ဖြစ်ပါသည်။ **ဦးထွေးသိန်း ၁၂/ဒပန(နိုင်)၀၂၂၄၇၉။**

အမည်ပြောင်း
အထက(ခွဲ)အလက(၂)ဗိုလ်တထောင် (Grade-IX-A)မှအဖ ဦးခင်မောင်အုန်း၏သမီး မအေးသော်တာဦးအား ယနေ့မှစ၍ မနှင်းအိခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းအိခိုင်။**

ဖခင်အမည်မှန်
နေပြည်တော် တပ်ကုန်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(SE_3)မှ မအေးမိုးဇင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် ၉/တကန(နိုင်)၀၈၃၁၁၃ အရ ဦးထွန်းမြင့် ဖြစ်ပါသည်။ **ဦးထွန်းမြင့်။**

ဖခင်အမည်မှန်
ဧရာဝတီတိုင်း ကျိုက်လတ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မင်းဦး ၁၄/ကလန(နိုင်)၁၃၀၁၁၇၏ဖခင်အမည်မှန်မှာ ဦးမိုးမြင့် ၁၄/ကလန(နိုင်)၀၆၅၀၅၁ ဖြစ်ပါသည်။ **ဦးမိုးမြင့်။**

အမည်မှန် ဦးကျော်စိုး ၁၂/စခန(နိုင်)၁၂၅၄၂၇၏သား ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၂)တက္ကသိုလ်ဝင်တန်း(F)မှ မောင်စိုးသူရဦး၏အမည်မှန်မှာ မောင်စိုးသီဟဦး ၁၂/အစန(နိုင်)၂၁၄၆၉၆ ဖြစ်ပါသည်။ **စိုးသီဟဦး။**

ရောင်းမည်
အမှတ်(၃)လမ်းမဘေး၊ ပုလဲ ၃၊ ပေ ၆၀ ပတ်လည်၊ RC နှစ်ထပ်နှင့် ပေ ၆၀ ပတ်လည် မြေကွက် တစ်ကွက်ပါ၊ ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၅၁-၄၈၂၃၆၊ ၆၃၈၀၈၃၊ ၆၄၄၄၄၉။

ရောင်းမည်
အင်းစိန် လမ်းသစ်လမ်းမပေါ် ပေ ၄၀ x ပေ ၆၀ သုံးထပ်အဆောက်အအုံ၊ ဧည့်ရိပ်သာ ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ မီးစက်၊ လက်ရှိလုပ်ငန်း လည်ပတ်နေ၊ ပိုင်ရှင်အမည်ပေါက်။
ဖုန်း-၀၉-၅၁-၄၈၂၃၆၊ ၆၃၈၀၈၃၊ ၆၄၄၄၄၉။

ပညာရေးအထောက်အကူပြု
မန်းတိုင်
ပညာရေးမဂ္ဂဇင်း
အမှတ် ၁၊ ၂၀၀၈ -ဒီဇင်ဘာလထုတ်
ထွက်တော့မည်
နယ်ကိုယ်စားလှယ်များ ကြိုတင်မှာကြားနိုင်ပါသည်။
ပညာရေးနှင့်သက်ဆိုင်သော စာမူများ ပေးပို့နိုင်ပါသည်။
အမှတ် ၂၃၂ (မြေညီ)၊ ၃၉ လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၂၄၅၆၂၁၊ ၂၄၉၆၀၇၊ ၄၄၁၃၂၂၅

MRTV-4 ဖြင့်လက်တွေ့ထုတ်လွှင့်ပြသနေသောဆရာကိုယ်တိုင်သင်ကြားမည်။
ရေခဲမုန့်၊ အအေးစုံ၊ စီးပွားဖြစ်အချိုရည်၊ ဂျယ်လီ၊ မုန့်ဖုတ်သင်တန်း
သင်တန်းရက် (1)(20-10-07)မှ(25-10-07) သင်တန်းရက်(2)(22-10-07)မှ(28-10-07)
Master စားသောက်ကုန်သင်တန်း။ အမှတ်(၁၄၇)၊ ၂၅-လမ်း(အလယ်) ရှုပါတိုင်း(မ) နှာဂဲဆိုင်အပေါ်ထပ်၊ ရန်ကုန်၊ ဖုန်း- 09-5134497 (MRTV-4 VCD ရမည်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ၏သားဖြစ်သူ မောင်စိုးဝင်း ၁၄/ဘကလ(နိုင်)၁၂၅၆၈၃သည် မိခင်ဖြစ်သူ ဒေါ်တင်ညွန့်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်ကြီးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ၎င်းအားယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်တင်ညွန့် ၁၂/ကတတ(နိုင်)၀၁၆၆၃၀။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း
ကျွန်တော် ဦးခင်ဇော်ဝင်း ၁၂/ဥကမ(နိုင်)၀၆၅၆၅၉၏ ဇနီးဖြစ်သူ မတင်တင်သော်(ခ)မဝါဝါ ၁၂/ဥကမ(နိုင်)၀၀၀၈၀၃ သည် ကျွန်တော်ခွင့်မလွှတ်နိုင်သော ကိစ္စရပ်အမျိုးမျိုးကို ကျူးလွန်ခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။
ဦးခင်ဇော်ဝင်း ၁၂/ဥကမ(နိုင်)၀၆၅၆၅၉။

မြေပိုင်ရှင် ဒေါ်မြစိန်၏လွှဲအပ်ညွှန်ကြားချက်အရ ၇-၁၀-၂၀၀၇ရက်စွဲပါ အများသိစေရန် အသိပေးကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း
ကန်ထရိုက်တာ ဦးမြင့်သိန်း ၁၂/မဂတ(နိုင်)၀၉၆၀၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။
ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် ၉၆ဟုခေါ်တွင်သောမြေပေါ်တွင် ကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲ၊ ရှစ်ထပ်တိုက် အဆောက်အအုံဆောက်လုပ်ရန် မြေရှင် ဒေါ်မြစိန် ၁၂/မဂတ(နိုင်)၀၄၃၇၂၃ နှင့် ကန်ထရိုက်တာ ဦးမြင့်သိန်းတို့သည် လုပ်ငန်းကတိစာချုပ်ကို ၁၇-၅-၂၀၀၇ ရက်တွင် အသိသက်သေများရှေ့မှောက်၌ ဒေါ်မြစိန်နှင့် သားသမီးများ အပါအဝင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ၄-၇-၂၀၀၇ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၆၀၇၃/၀၇ဖြင့် အထူးကိုယ်စားလှယ်လွှဲစာကိုလည်း ဒေါ်မြစိန်မှ ဦးမြင့်သိန်းသို့ တရားဝင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။
ဦးမြင့်သိန်းမှ လုပ်ငန်းကတိစာချုပ်အရ မြေဂရန်တွင် ဒေါ်မြစိန်အမည်ပေါက်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီး အဆောက်အအုံကို တရားဝင်ဆောက်လုပ်ခွင့်ပြုမိန့်ရရှိရန် အစီအစဉ်အလိုက် အိမ်ဟောင်းကိုဖြိုဖျက်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပြီး လုံခြုံမှုအတွက် ခြံဝင်းခတ်ခြင်းများကို အဆင့်များစွာ ပြုလုပ်ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။ လုပ်ငန်းကတိစာချုပ်အရလည်း မြေရှင်ဖြစ်သူသို့ အလိုက်ငွေများပေးအပ်ပြီး မြေရှင်ဖြစ်သူ၏သားသမီးအချို့အား လုပ်ငန်းသဘောအရ အကျိုးဆောင်ခများလည်း ပေးအပ်ပြီးဖြစ်ပါသည်။ စာချုပ်အရ ဦးမြင့်သိန်းမှ ရယူရမည့်အိမ်ဟောင်းကိုလည်း ရောင်းချထားပြီးဖြစ်ပါသည်။ တိုက်ခန်းအချို့ကို ကြိုပွဲငှ့်စနစ်ဖြင့် ရောင်းချထားပြီးလည်းဖြစ်ပါသည်။
မြေရှင်ဖြစ်သူဘက်မှ ခိုင်မာသောအကြောင်းပြချက်နှင့်လုပ်ငန်းကတိစာချုပ်ပါ အကြောင်းအချက် တစ်စုံတစ်ရာပျက်ကွက်ကြောင်း ဖော်ပြနိုင်ခြင်းမရှိဘဲလျက် ၁၇-၅-၂၀၀၇ရက်စွဲပါ စာချုပ်အတိုင်း ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သော အခြေအနေများ ပေါ်ပေါက်ကြောင်းဖော်ပြ၍ စာချုပ်ကိုဖျက်သိမ်းကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းပယ်ဖျက်ကြောင်း ကြေညာချက်မှာ တစ်ဖက်သတ်ကြေညာချက်သာဖြစ်ပါသည်။ ဦးမြင့်သိန်းဘက်မှ စာချုပ်ပါအတိုင်း ဆောင်ရွက်လာသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ တစ်စုံတစ်ရာပျက်ကွက်မှုမရှိပါ။ ထို့ကြောင့် မြေရှင်ဖြစ်သူ၏ တစ်ဖက်သတ်စာချုပ်ဖျက်သိမ်းခြင်းနှင့်ကိုယ်စားလှယ်စာရုပ်သိမ်းခြင်းတို့မှာ ဥပဒေအရလည်း ညီညွတ်မှုမရှိပါသောကြောင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပါရန် အသိပေးကြေညာအပ်ပါသည်။ ပျက်ကွက်ခဲ့ပါက လုပ်ငန်းဂုဏ်သိက္ခာနှင့် လူမှုရေးဂုဏ်သိက္ခာ ထိခိုက်မှုများအတွက်လည်းကောင်း၊ လုပ်ငန်းကတိစာချုပ်အရလည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။
ဦးကြည်လင်း (တရားရုံးချုပ်ရှေ့နေ) စဉ်-၄၈၅၀၊ အမှတ်(၂၇-အေ)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး စည်းရုံးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက်ပညာ သင်တန်း (၂/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် **(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် အခြေခံစာကြည့်တိုက်ပညာ သင်တန်းကို အရည်အသွေးမြင့်မားပြီး အမှန်တကယ် ပြည်သူ့အကျိုးဆောင်ရွက်နိုင်စွမ်းရှိသော ကျွမ်းကျင်သူများ မွေးထုတ်ရန်ဖွင့်လှစ်ရာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရာတွင် ဦးဆောင်အကောင်အထည်ဖော်ရန်၊ စာအုပ်စာပေများဖတ်ရှုသည့် အလေ့အထရှိလာအောင် စည်းရုံးဆောင်ရွက်နိုင်ကြစေရန်နှင့်စာကြည့်တိုက်ပညာကို တတ်ကျွမ်းနားလည်ပြီး အရည်အသွေးမြင့်မားသော စာကြည့်တိုက်မှူးကောင်းများဖြစ်စေရန်ဟူသော ရည်ရွယ်ချက်များကို ထားရှိဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိကိုယ်မိမိ သွက်လက်ထက်မြက်အောင်၊ အရှိန်အဟုန်ရှိအောင်နှင့် ထိုးထွင်းကြံဆ၍ ဆန်းသစ်အောင်လုပ်ဆောင်သွားကြရန်လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့အတူ မိမိတို့သည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများဖြစ်ကြရာ မိမိတို့ဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် ရည်မှန်းချက်တာဝန်(၉)ရပ် အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော်ရေး၊ ပြည်သူနှင့်ထိတွေ့နေရသဖြင့် မိမိတို့ထမ်းဆောင်နေသော ပြန်ကြားရေး၊ ပညာပေးရေးနှင့်ဖျော်ဖြေရေးလုပ်ငန်းများကိုဆောင်ရွက်ရင်း ပြည်သူထံမှ ပွဲတင်သံများကိုနားစွင့်၍ ချက်ချင်းအကျိုးရှိအောင် ဆောင်ရွက်သွားကြရေး၊ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှကြိုးပမ်းဆောင်ရွက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အကျယ်တဝင့်မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၀၇)သို့ ပြည်နယ်နှင့်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း သင်တန်းသား ၁၅ဦးနှင့် သင်တန်းသူ ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၆-၁၀-၂၀၀၇ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ ဝန်ဖိုက်ချောင်းတံတား
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ ဆောင်းပါးရှင် စာမွေ့သူရဟန်းကြီး၏ **"ဘီလုံးငှက်၏ အောင်မြင်ရေးနီတိ"**
၁၆း၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၀ ၆။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၅-၁၀နှစ်] (အမျိုးသား/အမျိုးသမီး)**
၁၇း၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၂၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း-၂၁)
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း-၁၅)
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊အမှတ်(၂၀)ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံအတွင်းမှမုတ်သုံလေ ပြန်လည်ဆုတ်ခွာကာ ကြာပန်းတို့ပွင့်သည့် တူရာသီ သီတင်းကျွတ်ကာလ အချိန်အခါဖြစ်သည်။ ထို့အတူ မိုးနှောင်းစိုက်သီးနှံများ စိုက်ပျိုးနေကြသည့် တောင်သူဦးကြီးများ ဗဟုသုတရစေရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၂၀)အား အောက်တိုဘာ ၁၅ရက်က ပုံနှိပ်ထွက်ရှိလာသည်။

(ယာပုံ)

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မြေလည်းပြုပြင် စားသုံးဆီလည်းရ ပဲပုပ်စိုက်ကြ၊ စပါးအလေအလွင့်နည်းစေမည့် တလင်းပျောက်စနစ်၊ ဓားထစ်မှိုင်းတိုက် သရက်ပင်ကြိုက်၊ နေကြာစိုက်ပျိုး စီးပွားတိုး၊ ဆေးစွမ်းလည်းထက် စီးပွားတက်မည့် ကြက်သွန်ဖြူစိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲနွားလည်ချောင်းကွဲရောဂါ သတိပြုစရာ၊ အမြတ်အစွန်းရရှိစေမည့် ဆိတ်မွေးမြူရေးစနစ် စသည့်မွေးမြူရေးဆောင်းပါးများ၊ သွေးကင်ဆာရောဂါနှင့် နှလုံးအဆို့ရှင်ရောဂါ၊ ရေပျော်ငါးများ၏ ဆေးနည်းကောင်းများ၊ ဖန်ခါးသီးနှင့် ကျန်းမာရေးအာနိသင်၊ အရေပြားစိုပြည် ကည္တတ်ဖျော်ရည် စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ လဲကျတာရှက်စရာမဟုတ်ဘူး ပြန်မထနိုင်ရင်သာရှက်စရာ၊ တာဝန်ကိုယ်စီရှိကြသည်၊ ပညာရေးအလေးပေးပါ စသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ဘယ်လက် အခန်းဆက်ဝတ္ထု၊ ဒို့မြန်မာဓလေ့ တော၊ မြို့ မရွေးပါ၊ တို့မြန်မာအမျိုးသမီးဘောလုံးအသင်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီ စသည့် ဗဟုသုတဆောင်းပါးများအပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ရသ၊စုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပေါများကြွယ်ဝ တွင်းထွက်သယံဇာတ

ရတနာထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ မြေထု၊ ရေထုတွင် သုံးယူမကုန်နိုင်သော အဖိုးတန်ရတနာများ အလျှံပယ်ရှိသည်။ ပေါများကြွယ်ဝသော သယံဇာတများကို ရှာဖွေထုတ်လုပ်နိုင်ရန် နိုင်ငံတော်က နိုင်ငံပိုင်လုပ်ငန်းများ၊ ဖက်စပ်နှင့်ပုဂ္ဂလိကလုပ်ငန်းများအား လုပ်ကွက်များ သတ်မှတ်ပေးကာ အားပေးမြှင့်တင်ပေးသည်။

ယခင်က သတ္တုနှင့် တွင်းထွက်သယံဇာတများကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိခဲ့။ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်လာနိုင်သည်နှင့်အမျှ ကျောက်မျက်ရတနာမြေနှင့် လုပ်ကွက်စခန်းများ ပေါ်ထွက်လာသည်။ ထိုသို့ ပေါ်ထွက်လာသည်နှင့်အမျှ တိုင်းရင်းသား ပုဂ္ဂလိက

ဈေးကွက် စီးပွားရေးစနစ်နှင့် အညီ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်လာနိုင်သည်နှင့် အမျှ ကျောက်မျက်ရတနာမြေနှင့် လုပ်ကွက်စခန်းများ ပေါ်ထွက်လာ။ ထိုသို့ ပေါ်ထွက်လာသည်နှင့်အမျှ တိုင်းရင်းသား ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ ပွင့်လန်းလာသည့် အပြင် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိ လာကာ နိုင်ငံအကျိုးစီးပွား ပိုမို ဖြစ်ထွန်း။

စီးပွားရေးလုပ်ငန်းများ ပွင့်လန်းလာသည့်အပြင် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိလာကာ နိုင်ငံအကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာသည်။

ကချင်ပြည်နယ်တွင် ကျောက်စိမ်းရတနာမြေရှိပြီး ကြေးနီ၊ ရွှေနှင့် ကျောက်မီးသွေးလည်း ထွက်သည်။ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် မြေဖယောင်း၊ ကန့်ကူဆံနှင့် သလင်းကျောက်များကိုပါ ရှာဖွေထုတ်လုပ်နိုင်သည်။ ကျောက်စိမ်းနှင့်ရွှေကို ယခင်ခေတ်ကာလကထက် ပိုမိုထုတ်လုပ်နိုင်သည်။ ကချင်ပြည်နယ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရွှေကို ထရိုင်အောင်စ ခြောက်ရာကျော် ထုတ်လုပ်သည်။

ကယားပြည်နယ်တွင် မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှီးလိုက်ရောရာသတ္တုများ ထုတ်လုပ်လျက်ရှိသည်။ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မာဘယ်လ်ကျောက်နှင့် ခနောက်စိမ်း တိုးတက်ထုတ်လုပ်နိုင်သည်။ မာဘယ်လ် မက်ထရစ်တန် နှစ်ရာကျော်နှင့်ခနောက်စိမ်း မက်ထရစ်တန် ၂၆၀ကျော်ထုတ်လုပ်နိုင်သည်။ ကရင်ပြည်နယ်တွင် ယခင်က သတ္တုနှင့် တွင်းထွက်သယံဇာတ စီးပွားဖြစ် မထုတ်လုပ်နိုင်သော်လည်း ယခုအခါ သွပ်သတ္တုရိုင်းမက်ထရစ်တန်သုံးထောင်ကျော်၊ ခနောက်စိမ်း မက်ထရစ်တန် ကိုးရာခန့်၊ စက်မှုသုံး ထုံးကျောက် မက်ထရစ်တန် သုံးသောင်းခန့်နှင့် သံကျောက် မက်ထရစ်တန် တစ်သိန်းကျော် ထုတ်ယူနိုင်ခဲ့သည်။

မွန်ပြည်နယ်တွင် ရွှေလုပ်ကွက်ခုနစ်ကွက် ဖြစ်ထွန်းနေပြီး ရွှေထရိုင်အောင်စ တစ်ရာခန့်ထုတ်လုပ်ထားသည်။ အလှဆင်ရာတွင်သုံးသော ထုံးကျောက် မက်ထရစ်တန် ၇၅၀ကျော်၊ သင်ပုန်းကျောက် မက်ထရစ်တန် ခုနစ်ရာကျော်၊ ဂရက်နိုက်မက်ထရစ်

စစ်ကိုင်းတိုင်း မုံရွာမြို့အနီး ကြေးစင်တောင်မှ ထုတ်လုပ်ပြီး ကြေးနီပြားများ။

တန် လေးရာကျော်၊ ခဲမဖြူ အဖြိုက်နက်ရောရာ သတ္တုကို ၁၉၈၈ခုနှစ်က မက်ထရစ်တန် တစ်တန်နီးပါး ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ နှစ်မက်ထရစ်တန်အထိ ထုတ်လုပ်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်တွင် ကျောက်မျက်ကာရက် ထောင်ပေါင်း လေးသောင်းကျော် ထုတ်ယူနိုင်ခဲ့သည်။ ကျောက်မီးသွေး မက်ထရစ်တန် သုံးသိန်းကျော်၊ ဂေါ်ဒန် မက်ထရစ်တန် ၁၂၀၀၀၀ ကျော်၊ ခဲသွပ်သတ္တုရိုင်း မက်ထရစ်တန် တစ်ထောင်ကျော်၊ သွပ်သတ္တုရိုင်း မက်ထရစ်တန် သုံးထောင်ကျော်၊ ငွေစင်အောင်စ ၁၃၀၀၀၀ခန့်၊ ခဲစင်မက်ထရစ်တန် နှစ်ထောင်ကျော်၊ ခဲသတ္တုသန့်စင် မက်ထရစ်တန် ခြောက်ထောင်ကျော်၊ ဘရိုက်တီးကျောက် မက်ထရစ်တန် ၄၄၀၀ ကျော် အထိ ထုတ်လုပ်နိုင်ခဲ့သည်။

စစ်ကိုင်းတိုင်းတွင် ကျောက်စိမ်း၊ ကြေးနီ၊ ရွှေနှင့် ကျောက်မီးသွေး လုပ်ကွက်စခန်းများ တိုးပွားလာပြီး

စစ်ကိုင်းတိုင်း မုံရွာမြို့အနီး ကြေးစင်တောင်သတ္တုစက်ရုံ။

ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းလုပ်ကွက်မှ ထွက်ရှိသော ကျောက်စိမ်းတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ဝယ်ယူရန် ကြည့်ရှုနေစဉ်။

ရွှေစင်

စစ်ကိုင်းတိုင်း ကျောက်ပုထိုး ရွှေတွင်းမှ ထွက်ရှိသည့် ရွှေစင်များကို ဤသို့ တွေ့ရသည်။

ယခုအခါ ကျောက်စိမ်း ကီလိုပေါင်း ၃၄၀၀၀၀ကျော်၊ ကြေးနီ မက်ထရစ်တန် သုံးသောင်းခန့်၊ ရွှေစင် ထရိုင်အောင်စ ငါးထောင်ကျော်၊ ရွှေကြမ်း ထရိုင်အောင်စ ၁၇၀၀ ကျော်နှင့် ကျောက်မီးသွေး မက်ထရစ်တန် တစ်သိန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။

တနင်္သာရီတိုင်းတွင် ပုလဲရတနာသည် အဓိက လုပ်ကွက်ဖြစ်သည်။ ယခုအခါ ပုလဲစခန်း ကိုးခုဖြင့် တိုးမြှင့်ရှာဖွေနိုင်သောကြောင့် မိုမီ သုံးသန်းကျော် ထုတ်လုပ်နိုင်သည်။ ခဲမဖြူနှင့်အဖြိုက်နက် မက်ထရစ်တန်တစ်ထောင်ကျော် ဆက်လက်ထုတ်လုပ်ခဲ့သည်။ တနင်္သာရီတိုင်းတွင် ကျောက်မီးသွေးသိုက် ရှာဖွေတွေ့ရှိခဲ့ရာ မက်ထရစ်တန်တစ်သိန်းကျော် ထုတ်လုပ်ထားသည်။

ပဲခူးတိုင်းကို ရွှေနိုင်ငံမှရွှေမြေဟု တင်စားခေါ်ဝေါ်နိုင်သည်။ ယခင်က ပဲခူးတိုင်းတွင် ရွှေလုပ်ကွက်တစ်ခုတည်းသာရှိရာမှ ယခုအခါ ရွှေလုပ်ကွက် ၁၈ခုအထိ ရှိလာသည်။ ၁၉၈၈ခုနှစ်က ရွှေ ကိုးထရိုင်အောင်စကျော်သာ ထုတ်လုပ်နိုင်သော်လည်း ယခုအခါ ထရိုင်အောင်စ ၁၅၀ နီးပါး ထုတ်လုပ်လျက်ရှိသည်။ မကွေးတိုင်းတွင် နိုင်ငံတော်မှ ကျောက်မီးသွေးသိုက်နှင့် ထုံးကျောက်ကျော ရှာဖွေဖော်ထုတ်နိုင်သဖြင့် ကျောက်မီးသွေး မက်ထရစ်တန် သုံးထောင်နီးပါးနှင့် စက်မှုလုပ်ငန်းသုံး ထုံးကျောက် မက်ထရစ်တန် ၃၅၀၀ကျော် ထုတ်လုပ်ထားပြီးဖြစ်သည်။

မန္တလေးတိုင်းတွင် ထင်ရှားသည့် မိုးကုတ်ရတနာမြေကို လူသိများသည်။ မျက်မှောက်ခေတ်၌ နိုင်ငံတော်၏ အားဖြည့်ပေးမှုကြောင့် ကျောက်မျက်လုပ်ကွက် ၂၆၀ တိုးပြီး ကျောက်မျက်မျိုးစုံ ကာရက် ၂၆၀၀၀၀ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၈ခုနှစ်က ရွှေထုတ်ဖော်မှု လုပ်ငန်းနှစ်ခုသာရှိရာမှာ ယခုအခါ ရွှေထုတ်လုပ်မှုလုပ်ငန်း ၁၇၂ ခုအထိ ရှိလာသည်။

ယင်းတို့သည် မြန်မာ့ရေမြေမှ ပကတိ ဖြစ်ပေါ်တိုးတက်မှုများပင် ဖြစ်သည်။ ပေါများကြွယ်ဝသော သယံဇာတများကို ထိထိရောက်ရောက် အသုံးချတတ်ရန် ဖြစ်သည်။ ယခုအခါ ယခင်နှင့်မတူ တိုးတက် ပြောင်းလဲလာသည်။ နဂိုရှိမှနဂိုင်းထွက် ဆိုစကားအတိုင်း မူလကတည်းက ရေခံ၊ မြေခံအခြေခံကောင်းများ ရှိပြီးသား မြန်မာ့ရေ၊ မြေတွင် ပို၍ အခြေခံကောင်းများ ပေါ်ထွက်လာအောင် နိုင်ငံတော်က ထပ်ဆောင်းပေးနေခြင်းဖြင့် ဒေသခံပြည်သူများ ကြီးပွားတိုးတက်သလို နိုင်ငံ့စီးပွားလည်း ဆတက်ထမ်းပိုး တိုးတက်လာမည်မှာ မလွဲဧကန် အမှန်ပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ဝေဘာဂီအိမ်ရာ အိမ်အမှတ်(၁)နေ သားသမီးများ ဖြစ်ကြသော ဒေါ်ခင်မြင့်ဦး၊ ဦးတင့်ဇော်၊ ဒေါ်ခင်စန်းမြင့်၊ ဦးတင့်ဇော်လင်း၊ ဒေါ်ဥမ္မာနှင်းတို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်

ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၁၀၀၀ကို ပိဋကတစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီးတီ=နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံမြို့ ရေပေးရေး စည်ပင်ညွှန်မှူး ကြည့်ရှုစစ်ဆေး

မြင်းခြံ အောက်တိုဘာ ၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များ ရေချိုပေးဝေမှုကို ရှစ်လက်မ၊ လေးလက်မနှင့် သုံးလက်မတွင်းနက် စက်ရေတွင်းများ တူး၍ ရေစင်များသို့ ရေတွန်းပို့စနစ်ဖြင့်ပေးပို့ပြီး ဖြန့်ဝေပေးလျက်ရှိရာ စက်တင်ဘာ၁၁ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် အမှတ်(၆)ရပ်ကွက် ဇေယျသိမ်ရေစက်ရုံမှ ရေတွန်းပို့စက်ရုံ ကွင်းဆင်းစစ်ဆေးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးသန့်ဇင်ထွန်းတို့ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း မူလကျောင်းဟောင်း (အနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း အမှတ်(၈၂)နေ ဒေါက်တာ မြင့်မောင်-ဒေါ်တင်မာဝေ၊ သား ကျော်သူဝေမောင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရ (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သနပ်ပင်မြို့ မင်းရွာ-ကျောင်းစုကျေးလက်ဂဝံလမ်းပေါ်ရှိ မင်းရွာ တံတားကြီးကို အောက်တိုဘာ၂ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးပြီး တံတား ရေရှည်တည်တံ့စေရေး ကြပ်မတ်ဆောင်ရွက်စဉ်။ (တိုင်းစည်ပင်)

ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၁၃

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အခမ်းအနားကို သူနာပြုသင်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက ကမ္ဘာ့မျက်မမြင် ပပျောက်ရေး အကြောင်းကို ရှင်းလင်းပြောကြားသည်။

စစ်ဆေးကုသ

ထို့နောက် ဆည်ကုန်းကျေးရွာသို့ သွားရောက်၍ မျက်စိဆရာဝန်ကြီး ဒေါက်တာကိုကိုသန်းက မျက်စိကျန်းမာရေးစောင့်ရှောက်မှုအကြောင်း ဟောပြောပြီးဒေသဆိုင်ရာ မျက်စိဆရာဝန်ကြီး ဒေါက်တာဝင်းကိုရှိန်နှင့်အဖွဲ့က ကျေးရွာလူထု ၉၅ ဦးအား မျက်စိ ကျန်းမာရေး စစ်ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၃၅၈)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် အောက်တိုဘာ ၆ ရက်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ပေါက်ခေါင်းမြို့နယ် အပိုင်းပေါ်ရှိ ဝက်တိုးတံတား တည်ဆောက်ခြင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့်အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ရှင်းလင်း

နေပြည်တော်လယ်ဝေး အောက်တိုဘာ ၁၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်လယ်ဝေးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကိုအောက်တိုဘာ၆ရက်နံနက် ၉နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိုးပိုင်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံ အသိပညာဗဟုသုတ ပြည့်ဝစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စည်းရုံး၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင် ဖွင့်လှစ်ခြင်းနှင့် ထူထောင် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ် ဦးစီးမှူးက မြို့နယ်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များ အခြေအနေနှင့် သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ငဖဲမြို့ ဦးအောင်ဇေယျလမ်း ကတ္တရာခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ (၃) ဦးဝင်းသူရ ဆောင်ရွက်ရာ၌ စက်တင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးသိန်းဌေး ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြက်ဆူပင် စိုက်ပျိုး ပေါင်းမြက် ရှင်းလင်း

အမ်း အောက်တိုဘာ ၆

အမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ကြက်ဆူစိုက်ခင်းတွင် အဖွဲ့ဝန်ထမ်းများ ကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့်ပေါင်းမြက်များရှင်းလင်းခြင်း၊မြေတောင်မြှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကိုစက်တင်ဘာ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမိုးဝင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

ရွှာင်မြို့၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေးဟောပြော သုတပညာဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ရွှာင် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှာင်မြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၊ အင်းကြီးကျေးရွာများတွင် စက်တင်ဘာ ၂၄ရက်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သင်းသင်းမော်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးဟောပြောကာ မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒလပင်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှစ်ပတ်လည်နေ့နှင့် သုတပညာဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စက်တင်ဘာ ၂၅ရက် နံနက် ၁၀နာရီက အခြေခံပညာမူလတန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းမော် က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ ကျောင်းအုပ် ဆရာကြီး ဦးစန်းမောင်က စာကြည့်တိုက်အကျိုးကျေးဇူးများရရှိပုံ၊ စာရေး ဦးအောင်ကြည်လေးက အကြံပြုဆွေးနွေးခြင်းနှင့် စာကြည့်တိုက်တာဝန်ခံ ဦးဆန်းညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် သုတပညာဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆက်လက်ကျင်းပရာ အုပ်စုလေးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီးဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့နယ် ဖောဓိကုန်း ရပ်ကွက် အထကကျောင်းလမ်းဘေး ဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ မြေသြဇာကျွေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၅ရက်က စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလှိုင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများနေ့ အုတ်တွင်း၌ ကျင်းပ

အုတ်တွင်း အောက်တိုဘာ ၁၃

၂၀၀၇ခုနှစ် ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ၁ရက် ညနေ ၄ နာရီက အုတ်တွင်းမြို့ သီရိရတနာခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့ပေါ်ခြောက်ရပ်ကွက်မှ ရပ်ကွက် ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွား၃၀တို့အား မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့်တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်း လှူဒါန်းပြီး ကန်တော့ကြကြောင်း သိရသည်။ **(၁၁၆)**

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား